


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# သေခါနီး ဆရာက
# သေခါနီးတရား ဟောနေတာ

၁၈၇

ဟောကြားသည့်နေ့
၇–၁–၆၉

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မန္တလေးမြို့၌ဟောကြားတော်မူသောတရားတော်

# သေခါနီးဆရာက

# သေခါနီးတရားဟောနေတာ

ဟောကြားသည့်နေ့

(၇-၁-၁၉၅၉)

စာမူခွင့်ပြုချက် အမှတ် - ၃၄၈/၂၀၀၂ (၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၈၅/၂၀၀၂ (၇)

အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၂၀၀၀
ခုနှစ် - ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ
တန်ဖိုး - (၅၀/-)

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားတော်မူသော တရားတော်

# သေခါနီးဆရာက၊ သေခါနီးတရားဟောနေတာ

ဟောကြားသည့်နေ့ (၇-၁-၅၉)

ဘုရားကဟောထားတယ်၊ ဒကာ ဒကာမတွေတဲ့ နေ့တွေလည်း ကုန်ခဲ့ကြပြီ၊ ညဥ့်တွေလည်း အတော်ကုန်ခဲ့ကြပြီ လို့ဆိုရင် လူတိုင်း လက်ခံရမှာပဲ . . . (မှန်ပါ့)။ နေ့တွေလည်း အတော်ကုန်ခဲ့ကြပြီ၊ ညတွေလည်း ကုန်ခဲ့ကြပြီဆိုလို့ရှိရင် အားလုံး ဒကာ ဒကာမတွေ ဘယ်သူမှ ငြင်းစရာမရှိဘူး . . . (မရှိပါဘူးဘုရား)။

## နေ့တွေညတွေကုန်တာဘာတုံး

အဲဒါ ဘာတုံးလို့ . . . နေ့တွေကုန်တာ၊ ညတွေ ကုန်တာ ဘာတုံးလို့ ဒကာ ဒကာမတွေက ဆရာဘုန်းကြီးကို

မေးလို့ရှိရင်ဖြင့် ဒကာ ဒကာမတွေ နေဖို့ကုန်တာလို့ အဖြေထွက်လာတယ်။

ဘယ်လိုအဖြေထွက်လာတုံး . . . (နေဖို့ကုန်တာလို့ အဖြေထွက်လာပါတယ်ဘုရား)။

ဩော်. . . နေဖို့ကုန်တာ၊ အင်း ဒကာ ဒကာမတွေ မနက်မိုးလင်းဘာလုပ်ရဦးမယ်လို့ ခင်ဗျားတို့ကတော့ဖြင့် စိတ်ကူး ကူးခဲ့ပါတယ်။

မိုးချုပ်လို့ရှိရင်ဖြင့် ထမင်းစားပြီး အမောအပန်းဖြေ အိပ်ရမယ်လို့ ကူးတာပဲ၊ ကူးပင် ကူးငြားသော်လည်း သေသေချာချာ တွေးလုံးကို ထုတ်လိုက်တဲ့အခါကျတော့မှ နေတဲ့အထဲ နေစရာထဲက နှုတ်ယူသွားတာပဲလို့မှတ်ပါ။

## နေစရာထဲကနှုတ်ယူသွားတာ

ဘယ်လိုမှတ်ကြမယ် . . . (နေစရာထဲက နှုတ်ယူသွားတာပါဘုရား)။ နေစရာထဲက နှုတ်ယူသွားတာပဲလို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မှတ်ထိုက်တယ် . . . (မှတ်ထိုက်ပါတယ်ဘုရား)။

မှန်ကော မမှန်ဘူးလား . . . (မှန်ပါတယ်ဘုရား) နေစရာထဲကမှ ထုတ်နှုတ်ပြီးသကာလ ကျုပ်တို့၏ ဆုံးရှုံးခြင်းတစ်မျိုးဘယ်လိုမှတ်ကြမယ် . . . (ဆုံးရှုံးခြင်းတစ်မျိုးပါဘုရား)။

ဩော် . . . ဦးခင်မောင်တို့ လူစု ဒီဆုံးရှုံးခြင်းကို နှမြောလိုက်လေခြင်းလို့ မလာဘူး . . . (မှန်ပါ့) မလာဘူး၊ မလာဘူး။

ခင်ဗျားတို့ဖြစ်စဉ်က ဒီဆုံးရှုံးခြင်းဟာ အင်မတန်မှ နှမြောလိုက်လေခြင်းလို့ ဒို့မှာ သူတော်ကောင်းစိတ်မဝင်ဘဲနဲ့ ဆုံးရှုံးသွားရတာ နှမြောလိုက်လေခြင်းလို့ ဘယ်သူမှ မျက်ရည်ကျ တ,ငိုတဲ့ပုဂ္ဂိုလ်မပါဘူး။ (မပါပါဘူးဘုရား)။

## နေ့နှင့်ညကသက်တမ်းကို နှုတ်နေတာ

သို့သော်လည်း အသက်တမ်း နှုတ်တာကတော့ သူက ဘယ်အခါမဆို နှုတ်တာပဲ၊ သူတို့နှစ်ခု နှုတ်နေတာပဲ နေ့နဲ့ ညက နှုတ်သွားတာပဲ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ သက်တမ်းကို ဘယ်သူက နှုတ်ယူသွားတာတုံး. . . (နေ့နဲ့ညက နှုတ်ယူသွားတာပါဘုရား)။

ဩော်. . . ဒါ ကိုယ်အကျိုးယုတ်တာ သေချာပလား (သေချာပါတယ်ဘုရား)။

ကိုယ်အကျိုးယုတ်တာတောင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေကလည်း ဖော်ပြောမှပဲ ကိုယ်အကျိုးယုတ်ပြီကိုးလို့ သိတယ် . . . (မှန်ပါ့)။

ဖော်မပြောလို့ရှိရင်ဖြင့် မနက်ဖြန် ဘာလုပ်မယ်၊ သန်ဘက်ဘာလုပ်မယ်၊ ဘယ်လိုကုန်ကလေးတွေ ဘယ်လို လျှောင်ထားတယ်၊ ဘယ်လို အရှုံးရှိမလား၊ အမြတ်ရှိမလားဆို တာသာ ကုန်များ ရှုံးမလား၊ မြတ်မလားသာ တွက်နေတာပဲ။

ကိုယ့်အထဲက ရှုံးခြင်းမက ရှုံးပြီး ဘယ်တော့မှ ပြန်မလာတဲ့ ရှုံးခြင်းကြီးကိုတော့ ဒကာ ဒကာမတွေက ဂရုမစိုက်ကြဘူး (မှန်ပါ့)။

ဦးဘအုန်း ဆိုထိုက်ပလား ... (ဆိုထိုက်ပါတယ်ဘုရား)။ ကဲ ဦးဘတင်တို့ ဆိုထိုက်ပလား ... (ဆိုထိုက်ပါတယ်ဘုရား)။

ဒါဖြင့် ဒီဥစ္စာက ကိုသစ်တို့လူစု အင်း ပြန်ရတဲ့အရှုံးလား၊ လုံးလုံးရှုံးသွားတာလား ... (လုံးလုံးရှုံးသွားတာပါဘုရား)။

ဩော် ... ဘာရှုံးသွားတာတုံး မေးတော့ နေစရာထဲက ထုတ်နှုတ်သွားတာ၊ နေစရာထဲကနေ ထုတ်နှုတ်ပြီး ရှုံးရတာ ... (မှန်ပါ့)။

## နိဗ္ဗာန်ကူးနိုင်တဲ့လူ့ဘဝကြီး

ဦးခင်မောင် ဒါအနာဆုံးပေါ့ဗျာ ... (မှန်ပါ့) ဒါအနာဆုံးပါပဲလို့ ဒကာ ဒကာမတွေ တရားမဟောမီ ခင်ဗျား

တို့ သံဝေဂစကားမသိလို့ ဖော်ပြောနေတယ်လို့ဆိုတာ မှတ်လိုက်စမ်းပါ. . . (မှန်ပါ့)။

ဆုံးရှုံးမက ဆုံးရှုံးထဲမှာ အချိန်မရွေး ခင်ဗျားတို့နေ့နဲ့ ညသည်ကားလို့ဆိုရင်ဖြင့် ခင်ဗျားတို့၏ အဖိုးတန် လူ့ဘဝကြီး နိဗ္ဗာန်ကူးနိုင်တဲ့ဘဝကြီးကို လိုရာကိစ္စပြီးနိုင်တဲ့ ဘဝကြီးထဲက နေပြီးသကာလ သူတို့က ထုတ်နှုတ်ယူတယ်။

## နေချိန်နည်းပြီးသေချိန်နီးလာတာ

ကျုပ်တို့မှာ နေစရာနည်းပြီးသကာလ သေစရာနီးတာသာ သေချာသောကြောင့် ဒီအရှုံးဟာ အရှုံးကြီးလို့ မှတ်စမ်းပါ . . . (မှန်လှပါ) ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

နေ့နဲ့ညသည် ဒကာ ဒကာမတွေ ဘာလုပ်ပါသတုံး ဆိုတော့ နေဖို့ရာထဲက နှုတ်ယူသွားတယ်ဘုရား ဘယ်လိုဖြေကြမတုံး . . . (နေဖို့ရာထဲက နှုတ်ယူသွားပါတယ်ဘုရား)။

ဟာ ဦးဝင်း သိပ်နာပြီ . . . (မှန်ပါ့) နာတယ်၊ နာတယ် ဒကာ ဒကာမတွေရ အင်းစိတ်မပျက်ဘူး၊ စိတ်မပျက်ကြဘူး။

အဲဒီ မပျက်တဲ့နည်းလောက် မှားတာဖြင့် ဦးခင်မောင် ရှာမတွေ့ဘူး . . . (မရှိပါဘူးဘုရား)။

တကယ့် နေစရာထဲကနေပြီးသကာလ သေလွယ်အောင် နှုတ်သွားတယ်ဆိုတော့ ဘယ်မှာသာလျှင် ကျုပ်တို့

သည် ဝမ်းမြောက်စရာပါသေးရဲ့လား . . . (မပါ ပါဘူး ဘုရား)။

## တွေးမိကြရဲ့လား

တွေးမိကြရဲ့လား၊ အခုဒီနေ့ တစ်နေ့ဆိုရင်ဖြင့် ခုတရားနာတဲ့ အချိန်ကလေးကတော့ ကိုယ်ပိုင်အချိန်ထားပါတော့၊ ကျန်တဲ့အိပ်တဲ့အချိန်နဲ့ အိမ်ကျလို့ရှိရင် သားအကြောင်းပြောရမယ့်အချိန်။

အသုံးမကျတဲ့စကားတွေပြောကြမယ့်အချိန်တွေ ဆိုတာတွေက နှုတ်ပြီးသကာလ သွားမယ်ဆိုလို့ရှိရင်လည်း၊ အင်းလူ့ဘဝရတဲ့အမြတ်တနိုး ဘဝထဲက နှုတ်သွားတာပဲ ဆုံးဖြတ်ချက်ချပါ . . . (မှန်ပါ) ရှင်းကြပလား . . . (ရှင်းပါတယ် ဘုရား)။

ဘယ်ထဲက နှုတ်တာတုံး . . . (အမြတ်တနိုးဘဝထဲက နှုတ်တာပါဘုရား)။ အမြတ်တနိုးဘဝထဲကနေပြီး နှုတ်သွားတာလို့ ဒကာ ဒကာမတွေက ခု သေသေချာချာ ဘုန်းကြီးပေးတဲ့ ဉာဏ်နဲ့ စဉ်းစားတော့မှ . . .။

**အတော်ကြိုးစားခဲ့ရတဲ့လူ့ဘဝ**

ဩော် . . . လူ့ဘဝရဖို့ရာ အတော် ကြိုးစားခဲ့ရတဲ့ အထဲကမှ တစ်ခါ ပြန်နှုတ်တယ်ဆိုတော့ ကြိုးစားခဲ့ရ တာနဲ့ မကာမိသေးဘူး၊ နှုတ်တာများနေတယ်လို့ စာရင်းတွက် မယ်ဆိုရင် ဒီအနှုတ်ဂဏန်းပဲပေါ်နေမှာပဲ . . . (မှန်ပါ့) မပေါ် ကြပေဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

အဲ့ဒါကြောင့် ဘုန်းကြီးများက ဒကာ ဒကာမတို့ ခင်ဗျား တို့မသိလို့ရှိရင် ဖော်ပြောနေပါတယ်၊ ခင်ဗျားတို့မှာ အရှုံးကြီး ရှုံးနေတာ နေ့တွေ ညတွေ ကုန်တာဟာ အရှုံးဆုံးပဲ။

သူတော်ကောင်းအလုပ်မပါဘဲနဲ့ နေ့တွေ၊ ညတွေက ကုန်ကုန် ကုန်ကုန်သွားတာဟာ ခင်ဗျားတို့ကတော့ နေ့ည အလိုလို ကုန်သွားတယ်လို့ ထင်တယ်။

ကိုယ့်အသက်တမ်း ပါသွားတာ၊ နေမည့်ရက်တွေ ပါသွားတာ၊ နေစရာရက်တွေ မရှိတော့တာ၊ နေစရာလတွေ မရှိတော့တာ နှုတ်သွားတော့။

ဒီနေ့တွေ ညတွေ ချည့်ပဲ သူခိုးကြီးက ခင်ဗျားတို့၏ အသက်တမ်းထဲက အဖိုးတန်လူ့ဘဝ ရတနာတွေ ခိုးယူသွား တာ သူပဲပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)

နေ့တွေ၊ ညတွေပဲ နေ့တွေ ညတွေက ခင်ဗျားတို့ လူ့ ဘဝ မရစဖူး အရထူးပြီးသကာလ အင်မတန် ဒုလ္လဘထဲကနေ

ပြီး ခိုးယူသွားတဲ့ တရားတွေ ဆိုလို့ရှိရင်ဖြင့် ကိုမြရွှေတို့ အသေ အချာ ရှုံးတာ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

အဲတော့ ဒကာ ဒကာမတွေ ခင်ဗျားတို့စီးပွားရေးလုပ် နေတာလည်း ဩော်. . . အဖိုးတန်ရှုံးတာပဲ ဆိုထိုက်ကြပလား (ဆိုထိုက်ပါတယ်ဘုရား)။

## သားရေး၊ သမီးရေး၊ စီးပွားရေး

သားရေး၊ သမီးရေး၊ ဂရုစိုက်နေတာ . . . (အဖိုးတန် ရှုံးတာပါဘုရား) အဖိုးတန်ရှုံးတာ ဒကာ ဒကာမတို့ စီးပွားရေး လိုက်နေတာ . . . (အဖိုးတန်ရှုံးတာပါဘုရား)။

သားရေး၊ သမီးရေး လိုက်နေတာ . . . (အဖိုးတန် ရှုံးတာပါဘုရား)၊ လူမမာတွေလျှောက်ပြီး ကုနေရတာ . . . (အဖိုးတန်ရှုံးတာပါဘုရား)။

အဖိုးတန် ရှုံးတာပဲဆိုတော့ အင်း အိမ်က ရွှေတွေ ငွေတွေ ထွက်တာကတော့ တစ်နေ့နေ့ ပြန်ရနိုင်သေးတယ်လို့ ဆိုနိုင်ကြတယ်နော်. . . (ဆိုနိုင်ပါတယ်ဘုရား)။

ဘယ်လိုပဲ ပျောက်သွားသွား အင်း တစ်နေ့နေ့ကျလို့ ရှိရင်ဖြင့် ပြန်ရနိုင်သေးတယ်ဆိုတာက သေချာတယ်၊ အဲဒီထဲက သေချာပါရဲ့သားနဲ့ ပြန်မရနိုင်တဲ့ အရှုံးကြီး ရှုံးတာက ပိုမနာဘူး လား . . . (ပိုနာပါတယ်ဘုရား)။

## ပြန်မရနိုင်တဲ့ဆုံးရှုံးခြင်း

ပြန်မရနိုင်တဲ့ ရှုံးဆုံးခြင်းက အသက်ထဲကနေပြီး သကာလ၊ နေရမယ့် အသက်တန်းကြီးကို နှုတ်ယူသွားတဲ့ အတွက်၊ အားလုံး ဒကာ ဒကာမတွေ ပေါ့ပေါ့တန်တန် မနေ လိုက်ပါနဲ့၊ ခင်ဗျားတို့မှာ အတွင်းသူခိုး ခိုးနေတာ ခင်ဗျားတို့ မရိပ်မိဘူးလို့၊ ဘုန်းကြီးများက ကောက်နှုတ်ချက်ချပြီး ခင်ဗျား တို့အတွက် စဉ်းစားလိုက်တယ် . . . (မှန်ပါ့) သဘောကျပလား (မှန်ပါ့)။

ဘယ်လောက် နာခဲ့ကြတုံး . . . (နာပါတယ်ဘုရား) အင်မတန် နာတယ်ဆိုတာ ဒကာ ဒကာမတွေ အသေအချာ မှတ်စမ်းပါနော် . . . (မှန်ပါ့)။

အသက်တမ်းကြီးထဲကနေ နှုတ်သွားတာလောက် ကိုယ်ပိုင်ပစ္စည်း ဆုံးတာလည်း ရှိသေးရဲ့လား . . . (မရှိပါ ဘူးဘုရား)။

ဒိပြင် ခင်ဗျားတို့ ရှိတဲ့ပစ္စည်းတွေကလည်း ဘုံဆိုင်ဆို တော့ အင်း ဘုံဆိုင်တော့ ရှာမှီး ယူကြပေါ့၊ အင်း ဘုံဆိုင်က နှုတ်တာကတော့ ကိစ္စမရှိလှပါဘူး ထားပါဦးတော့ ဦးခင်မောင် . . (မှန်ပါ့)။

ကိုယ်ပိုင်က နှုတ်တော့ . . . (နာပါတယ်ဘုရား) မနာဘူးလား . . . (နာပါတယ်ဘုရား)။

## သူတော်ကောင်းအလုပ် မလုပ်တဲ့အချိန်

ဒါဖြင့် ဒကာ ဒကာမတို့ ကျုပ်တို့၏ နစ်နာမှုကြီးသည် သူတော်ကောင်း ရတနာ သူတော်ကောင်းအလုပ် မလုပ်တဲ့ အချိန်ဟူသ၍ဖြင့် ကျုပ်တို့မှာဖြင့် ဆုံးရှုံးနေတဲ့ အချိန်ထဲကိုပဲ သွင်းရတော့မှာပဲ . . . (မှန်လှပါ)။

ဘယ်လို သွင်းရမှာတုံး . . . (ဆုံးရှုံးနေတဲ့ အချိန်ထဲကို သွင်းရမှာပါဘုရား)။

အဲတော့ကို စားဖို့လုပ်နေတာဟာလည်း ဆုံးရှုံးနေတာပဲ . . . (မှန်ပါ့) ကြွားဖို့ လုပ်နေတာကော . . . (ဆုံးရှုံးနေတာပါဘုရား)။

ဩော် . . . ခက်လိုက်တာ သားတွေ၊ သမီးတွေ လူလားမြောက်အောင် စောင့်နေတာကကော . . . (ဆုံးရှုံးတာပါဘုရား)။

အင်း-ဒါဖြင့် ရွှေအိမ်ကလေး ဆောက်ရအောင်၊ တိုက်ကလေးတည်ရအောင်ဆိုပြီးသကာလ စီးပွားရေးလိုက်ပြီး စုနေတာကော . . . (ဆုံးရှုံးနေတာပါဘုရား)။

နို့ - ခင်ဗျားတို့က ဘယ်နှုန်း အမြတ်ကိုပါသေးသလား (မပါ ပါဘူးဘုရား)။ လူ့ပြည်က အပ်တစ်စင်း၊ ဗြဟ္မာပြည်က အပ်တစ်စင်း အပ်သွားချင်း ထိစရာ ရှိသေးတယ်၊ လူ့ဘဝ ဒါထက်ရခဲတယ်ဆိုတော့။

ဟ မရမနေပါဘူးဆိုပြီး လူ့ဘဝအရယူလာကြတော့ လူ့ဘဝရောက်နေတာ သေချာနေပြီ . . . (မှန်ပါ့) မသေချာဘူးလား . . . (သေချာပါတယ်ဘုရား)။

## လက်နဲ့ရေးပြီး ခြေနဲ့ဖျက်နေတာ

သေချာတဲ့အထဲက ခင်ဗျားတို့ အရှုံးခံပြီးသကာလနေတော့ ဩော် . . . . ကိုယ် အားထုတ်လာတာတွေကို လက်နဲ့ရေးပြီး ခြေနဲ့ ဖျက်နေတာနဲ့တူလိုက်တာ . . . (မှန်လှပါ)။

ဘယ်လို ဆုံးဖြတ်ချက်ချမတုံး . . . (လက်နဲ့ရေးပြီး ခြေနဲ့ဖျက်နေတာပါဘုရား) ဒါမကောင်းဘူးဗျာ . . . (မှန်ပါ့)။

ဒီထဲမှာ ဒါ ကောင်းတယ်လို့ ထောက်ခံမယ့် ပုဂ္ဂိုလ်များ ပါသေးသလား . . . (မပါ ပါဘူးဘုရား)။

လူ့ဘဝ မရ ရအောင် တက်ခဲ့ရတဲ့အတက်ဟာ ဘုရားက အင်မတန်ခဲယဉ်းပါတယ်ကွာလို့ မပြောဘူးလား . . . (ပြောပါတယ်ဘုရား)။

နို့ ခဲယဉ်းတဲ့အထဲကပဲ ခင်ဗျားတို့ပဲ အားစိုက်တက်လာလို့ ဦးဝင်းတို့လူစု၊ ဦးခင်မောင်တို့လူစု ရလာတာတော့ သေချာနေပြီ . . . (မှန်လှပါ)။

ဒီအထည်ကြီးမြင်သဖြင့် လူ့ဘဝ ရလာတာ သေချာပလား မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

## အလွဲသုံးစားသုံးတာအနာဆုံး

ဒီအထဲကနေပြီးသကာလ ရတာကို ကောင်းကောင်းမွန်မွန် အသုံးချမဟုတ်၊ ဒီကနေပြီး နိဗ္ဗာန်ကူးတဲ့အလုပ် ဒုက္ခသိမ်းတဲ့အလုပ်ကို ငါအရယူတော့မယ်လို့ ဒီလိုမယူဘဲနဲ့၊ နေ့တွေညတွေ ကုန်ကုန်ပြီး သားရေး၊ သမီးရေး၊ စီးပွားရေးတွေနဲ့ အချိန်ကုန်ပြီးသကာလ၊ မရစဘူး အရထူးတဲ့ ပစ္စည်းကြီးထဲကနေပြီး အလွဲသုံးစားနှုတ်သုံးတဲ့ဥစ္စာ အနာဆုံးပဲ . . . (မှန်ပါ့) ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ဘယ်လို နှုတ်သုံးနေတာတုံး . . . (အလွဲသုံးစား နှုတ်သုံးနေတာပါဘုရား)။

ခု သေသေချာချာ ကိုယ်အလွဲသုံးစားကျတော့ ကိုယ်မဖမ်းကြဘူးဗျ . . . (မှန်ပါ့)။ ဒါလူတိုင်းအတွက်ပါ . . . (မှန်လှပါ)။

ဒကာ ဒကာမတွေ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား) ကိုယ်ကော . . . သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ အချိန်ကုန်နေကြရင် ဘာလုပ်နေတုံး . . . (အလွဲသုံးစား လုပ်နေတာပါဘုရား) ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ကိုင်း-ဒါဖြင့် ဒကာ ဒကာမတို့ ကိုယ်အတက်ကြီးတက်ပြီး အစုကြီးစုလာတဲ့ လူ့ဘဝကြီး၊ မရစဘူး အရထူးလာတာကြီးကို ဒကာ ဒကာမတို့ လက်နဲ့ ကုပ်တက်လာပြီး ခြေထောက်

နဲ့ လွှတ်ချလိုက်တယ်ဆိုတာ့ ကောင်းသေးရဲ့လား (မကောင်းပါဘူးဘုရား)။

## ဉာဏ်နဲ့တွေးမှသိတယ်

အင်မတန် မနစ်နာဘူးလား . . . (နစ်နာပါတယ်ဘုရား) အဲဒါ ဉာဏ်နဲ့တွေးမှ ဆုံးရှုံးခြင်းကို ကောင်းကောင်းသိတယ်နော် . . . (မှန်ပါ့)။

ဉာဏ်နဲ့ မတွေးရင် (မသိပါဘူးဘုရား) ဒါဖြင့် ခင်ဗျားတို့ မဆုံးရှုံးအောင် ဘုန်းကြီးပြောတဲ့ **ဝိပဿနာအလုပ်ကို အချိန်တိုင်း သတိထားမှသာလျှင် ခင်ဗျားတို့ လူ့ဘဝရောက်ရကျိုးနပ်မယ်. . .** (မှန်ပါ့)သဘောကျပလား. . . (မှန်ပါ့)။

နို့မဟုတ်ရင် လူ့ဘဝရောက်ကျိုး နပ်ပါ့မလား . . . (မနပ်ပါဘူးဘုရား) အင်း တပည့်တော်တို့ အလွဲသုံးစားလုပ်မလို့ လာခဲ့တယ်ဘုရားလို့ ဆိုလို့ရှိရင်လည်း မှန်တော့တာပဲ . . . (မှန်ပါ့)။

မမှန်ဘူးလား. . . (မှန်ပါတယ်ဘုရား)၊ အလွဲသုံးစားလုပ်မလို့ တပည့်တော်တို့သည်ကားလို့ဆိုရင် လာခဲ့တာပဲလို့ မပြောသော်လည်း အလုပ်သွားက ဒီအတိုင်း ဖြစ်နေတယ် . . . (မှန်ပါ့)။

မဖြစ်ဘူးလား . . . (ဖြစ်ပါတယ်ဘုရား) အဲဒီတော့ ဒကာ ဒကာမတွေ ယနေ့ကစပြီးသကာလ ဒီအချိန် ဘာအချိန် ပါလိမ့်၊ ဩော် အလွဲသုံးစားလုပ်နေတာ၊ ထိုအချိန် ဘာအချိန် ပါလိမ့်မတုံး သူတော်ကောင်းအလုပ် မလုပ်လို့ရှိရင် အလွဲ သုံးစားလုပ်နေတာ . . . (မှန်ပါ့)။

## ကိုယ့်ပစ္စည်းကိုယ်ဖြုန်းတာ

အင်း ဘယ်သူ့ပစ္စည်း ဘယ်သူသုံးတာတုံးလို့မေး၊ ကိုယ့် ပစ္စည်း ကိုယ်ဖြုန်းတာ၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ကိုယ့်ပစ္စည်းက လွယ်လွယ်နဲ့ ရတာလား၊ အတော်စုခဲ့ ရတာလား . . . (အတော်စုခဲ့ရတာပါဘုရား)။

အတော်စုခဲ့ရတာ အရမ်းသုံးတယ်ဆိုတော့ အင်း ငါလောက်မိုက်တဲ့လူတော့ ရှိမယ်မထင်ဘူးလို့ ဆုံးဖြတ်ချက်ချ . . . (မှန်လှပါ) ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

ဘယ်သူက မိုက်တယ်ဆိုမတုံး . . . (အရမ်းဖြုန်းတဲ့ သူက မိုက်ပါတယ်ဘုရား) ပေါ်ပလားဗျ . . . (ပေါ်ပါပြီ ဘုရား)

အံမာလေး ! ဒကာ ဒကာမတွေ ကိုယ့်ဟာကိုယ် ဆုံးရှုံး တာ ကိုယ်အလွဲသုံးစား လုပ်နေတာ ကိုယ်မတွက်တတ်လို့ တရားမဟောမှီ ရှေ့အဖို့ကာလက ဦးဘတင်ရေ ပြောနေရ တယ် . . . (မှန်ပါ့)။

ပြောထိုက် မပြောထိုက် . . . (ပြောထိုက်ပါတယ်ဘုရား)။ ဘာပြုလို့ မသိရင် ပြောရမှာပဲလို့ ဒကာ ဒကာမတွေ ဉာဏ်ကထိုးထွင်းတဲ့ဉာဏ် မရှိတော့ ဦးခင်မောင် ပြောရမှာပဲ (မှန်လှပါ)။

ကဲ ဦးစံရင် ပြောထိုက်ပလား . . . (ပြောထိုက်ပါတယ်ဘုရား)၊ ပြောထိုက်ပါတယ်တဲ့၊ ကိုယ်စုလာတဲ့ လူ့ဘဝကြီး မရ၊ ရဖို့ အလုပ်ဟာ ဒကာ ဒကာမတို့ လွယ်လွယ်ကူကူနဲ့ ရတာလား အသက်ကြီးပြီး စားချင်လို့ စုဆောင်းလို့ ရတာလား . . . (အသက်ကြီးပြီး စားချင်လို့ စုဆောင်းလို့ရတာပါဘုရား)။

## လူ့ဘဝရဖို့ အလွန်ခဲယဉ်းတယ်

ဒါကတော့ သေချာတယ်၊ ဘုရားကလည်း မနုဿတ္တဘာဝေါဒုလ္လဘောတဲ့ . . . (မှန်လှပါ)။

မနုဿတ္တဘာဝေါ=လူ့ဘဝရခြင်းသည်၊ ဒုလ္လဘော အလွန်ခဲယဉ်းတယ်ကွ . . . (မှန်ပါ့) ဘယ်လောက်များ ခဲယဉ်းသတုံးဆိုရင် ဒီကနေပြီး ထွန်တုံးကြီး တစ်ပေါက်ဖောက်ပြီး ရောဝတီမျှောလိုက်၊ ထွန်သန်လေးတွေမျှောလိုက်။

ပင်လယ်ထဲကျတော့ အရှေ့အနောက် မျှောလိုက် ဘယ်တော့ စွပ်မိစရာရှိသေးတုံး မေးရင် ဘယ့်နှယ်ပြောမတုံး (ဘယ်တော့မှ မစွပ်မိပါဘူးဘုရား)။

ဒီထွန်သန်နဲ့ ထွန်တုံး ဘယ်တော့ တွေ့ပြီးသကာလ စွပ်မိစရာ အကြောင်းမြင်ကြသေးရဲ့လား . . . (မမြင်ပါဘူး ဘုရား)။

အဲ့ဒါ စွပ်မိချင် စွပ်မိလိမ့်ဦးမယ်ကွာ၊ မင်းတို့ လူ့ဘဝ ဒိထက်ခဲယဉ်းတယ်လို့ ဟောတယ် . . . (မှန်လှပါ) ရိပ်မိကြ ပလား . . . (ရိပ်မိပါတယ်ဘုရား)။

အဲတော့ အဲဒီ ခဲယဉ်းတာကြီးကို ခင်ဗျားတို့ အရကုပ်ပြီး လူ့ဘဝတက်မလာခဲ့ဘူးလား . . . (တက်လာပါတယ်ဘုရား)။

တက်လာခဲ့လို့ပဲ ခု လူချင်းတူတူ၊ သူချင်းမျှမျှ သူများလို ပဲ ခြေလက်နား နှာခေါင်း အင်္ဂါကြီးငယ်အစုံနဲ့ပဲ မနေကြဘူး လား . . . (နေရပါတယ်ဘုရား)။

## လက်ကလက်အုပ်ချီဖို့

နေကြရတော့၊ ဩော် - ဒါဖြင့် ခြေလက် အင်္ဂါစုံပြီး တော့ကော တခြားမဟုတ်ဘူး လက်အုပ်ချီဖို့၊ ဘုရားနဲ့တွေ့ တယ်၊ တရားနဲ့တွေ့တယ်၊ လက်အုပ်ချီဖို့ ဆိုပြီး လက်အစုံပေး လိုက်တယ် . . . (မှန်ပါ့)။

ခြေထောက်က ဘုရားဖူးသွားဖို့၊ တရားနာသွားဖို့ ဆိုပြီး ပေးလိုက်တယ် . . . (မှန်ပါ့)။

## နားကသစ္စာတရားနာနိုင်ဖို့

နားကလည်း သစ္စာတရားတွေ နာနိုင်ဖို့ဆိုပြီး သကာလ ခင်ဗျားတို့ အတော်ကို ကြိုးစားတက်လာတာ သစ္စာတရားနာနိုင်တဲ့ နားကြီးကို ပါလာတာ . . . (မှန်ပ့ါ) မပါလာဘူးလား (ပါလာပါတယ်ဘုရား)။

ပါလာတယ်တဲ့ မျက်လုံးကလည်း ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိရင် ကြည်ညိုတတ်ဖို့၊ လေးစားတတ်ဖို့ ဒါတွေကို လူ့ဘဝထဲမှာ အကုန်အစုံကိုပဲ အမြတ်အစွန်းတွေနဲ့တက်မလာခဲ့ဘူးလား . . . (တက်လာပါတယ်ဘုရား)။

အဲ့ဒါတွေကို ခင်ဗျားတို့ အသုံးမချဘဲနဲ့ ဒီကျမှ ယောင်ချာချာ လုပ်ပြီးသကာလ သားရေးကြောင့်၊ သမီးရေးကြောင့်၊ စီးပွားရေးကြောင့် သူတော်ကောင်းအလုပ် မလုပ်နိုင်သေးဘူးလို့ဆိုတော့ ဟိုက ထည့်ပေးလိုက်တဲ့ပစ္စည်းက အဖိုးတန်တွေကို အသုံးချဖို့ ထည့်ပေးလိုက်တယ်။

## အဖိုးတန်တဲ့ဘက်မှာသုံးပါ

ကံက ပေးတဲ့ ပစ္စည်းတွေကို ခင်ဗျားတို့က အဖိုးမတန်တဲ့ ဘက်ကို သွားသုံးတယ် . . . (မှန်ပ့ါ) သဘောပါပလား (ပါပါတယ်ဘုရား)။

ဦးဘတင်တို့ သဘောပါပလား . . . (ပါ ပါတယ် ဘုရား) ပေးလို့ရှိရင် မျက်လုံး၊ နား၊ နှာခေါင်း၊ လျှာတွေဟာ အဖိုးတန်တဲ့ဘက်ကို သုံးဖို့မဟုတ်လား . . . (မှန်ပါ့)။

ခုတော့ ခင်ဗျားတို့က ဘယ်ဘက်သုံးနေတုံးဆိုလို့ရှိရင် ဖြင့် အင်း သားရေးအတွက်၊ သမီးရေးအတွက်ဆိုတော့ အပါယ် ကျရေးအတွက် အသုံးချနေတယ် . . . (မှန်ပါ့)။

ဘုရားဖူးဖို့၊ တရားနာဖို့အတွက် သုံးသေးသလား. . . (မသုံးပါဘူးဘုရား)။

တရားကျင့်ဖို့လို့ကော . . . (မသုံးပါဘူးဘုရား) ဩော် ခင်ဗျားတို့ အသုံးလည်းမတတ်ပါလား၊ ဒကာ ဒကာမတွေ ဘယ်လိုဆိုကြမတုံး . . . (အသုံးလည်းမတတ်ပါဘုရား)။

## အရွယ်တွေကြီးကြပြီ

ဟုတ်ပြီ၊ အရွယ်တွေကြီးကြပြီဗျ၊ အသုံးအစွဲလည်း နား လည်ဖို့တော့ ကောင်းပြီ၊ ဘယ့်နှယ်ဆိုကြမတုံး ကြီးပြီဗျ၊ ဒီထဲ လူငယ်တွေများ ပါနေသေးသလား . . . (မပါပါဘူးဘုရား)။

မပါပါဘူး အသုံးအစွဲကော သုံးစွဲတတ်ပလား. . . (မသုံးစွဲတတ်ပါဘူးဘုရား)၊ ဟာ မဟုတ်သေးဘူး ဦးခင်မောင် ရ အလွဲချည့်သုံးနေတာ များနေသေးတယ် . . . (မှန်လှပါ)။

ဘုရားဘက် မသုံး၊ တရားဘက်မသုံး ဟုတ်ပလားဗျာ အလကား သားရေး၊ သမီးရေး၊ စီးပွားရေးဘက်ကိုပဲ အချိန်တွေ အများကြီးကုန်ပြီ၊ လက်ကလည်း အဲဒီဘက်ပဲရေတာ၊ မှတ်တာ ဘက်သုံး။

ဘုရား ရှိခိုးတဲ့ဘက်ဒီလောက်သုံးတာမဟုတ်ဘူး. . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဘုရားရှိခိုးဆိုတာ တစ်နေ့တစ်ကြိမ်တောင်မှ လက်အုပ်ချီတာလေးဟာ ပါချင်မှ ပါ ပါတယ်၊ ဟို ရောင်းတဲ့ဝယ်တဲ့ ဘက်ကျတော့ ဟိုကနိုက်၊ ဒီကမွေနဲ့၊ ဒီလိုချိန်၊ ဒီလိုတွယ်နဲ့ ဖြင့် သုံးလိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့ . . . (မှန်လှပါ)။

ဟိုဘက်အသွားမများကြဘူးလား . . . (များပါတယ် ဘုရား)၊ဒါဖြင့် လူ့ဘဝတက်တုန်းက ဘယ်သုံးဖို့လို့ ရည်ရွယ်ချက် ပါရဲ့လား . . . (မပါ ပါဘူးဘုရား)။

ဒါ ခင်ဗျားတို့က ခက်နေပြီ ဒကာ ဒကာမတွေ ရည်ရွယ်ချက်တခြား၊ အသုံးတခြားဖြစ်နေပြီ . . . (မှန်လှပါ) ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

အဲ ဒါဖြင့် ဒကာ ဒကာမတို့ အခုဒီထဲမှာ ဆရာဘုန်းကြီး က ဆုံးမပြန်တယ်၊ အရင်းတွေမို့၊ ဘယ်လို ဆုံးမလိုက်သတုံးဆို တော့ မင်းတို့ဟာကွာ နောက်က မသိတုန်းကတော့ဖြင့် ကိုယ့် အဖိုးတန်ပစ္စည်း ကိုယ်ဖြုန်းခဲ့တာ ရှိပါသေးတယ်။

## ဒီကရှေ့မဖြုန်းပါနဲ့တော့

ဒီကရှေ့ မဖြုန်းပါနဲ့ကွာ တော်ကြပါတော့၊ ရပ်ကြပါတော့၊ တန်ကြပါတော့ ဘုန်းကြီးက မေတ္တာရပ်တယ်. . . (မှန်ပါ့) မရပ်သင့်ဘူးလား . . . (ရပ်သင့်ပါတယ်ဘုရား)။

ရပ်သင့်တယ်တဲ့၊ ရပ်သင့်တော့ခင်ဗျားတို့ အထုံကြီးက ပါလာတယ် . . . (မှန်ပါ)၊ အထုံကြီးက ပါလာတယ်။

နက်ဖြန်ကျလို့ရှိရင် ဒီဈေးဆိုင်သွားပြီး၊ ဒီအလုပ်လုပ်ရမှာပဲ၊ သန်ဘက်ခါကျတော့ ဒီကျောင်းသွား၊ ဒီလိုပြုရမှာပဲ ဦးဝင်း . . . (မှန်ပါ့) သန်ဘက်ခါ၊ ဖင့်နွှဲခါကျတော့ ဒီဆိုင်တွေက ဒီလိုပဲ ရောင်းရမှာပဲ။

ဟ! ဒီအလုပ်တွေ ဒီပါးစပ်တွေက ဘယ်ဘက်လှည့်သွားသုံးနေတုံး . . . (အလွဲချည့်သုံးနေပါတယ်ဘုရား)၊ အလွဲချည့်သုံးနေတဲ့ အဓိပ္ပာယ် သေချာပလား . . . (သေချာပါပြီဘုရား)။

ဒါဖြင့် နဂို ရည်ရွယ်ချက်ဆုတောင်းနဲ့ ကိုယ်ဒီဘဝရလို့ သုံးပုံနဲ့ ဦးခင်မောင်ချိန်စမ်းဗျာ . . . (မကိုက်ပါဘူးဘုရား)၊ ဒကာ ဒကာမတွေ ဘယ်လိုဆိုကြမယ် . . . (မကိုက်ပါဘူးဘုရား)။

မကိုက်တာ သေချာကြပလား . . . (သေချာပါပြီဘုရား)၊ ဩော်-ဒို့ဟာသည်ကားလို့ ဆိုလို့ရှိရင် သူများကို မကိုက်

အောင် လုပ်တာလား၊ ကိုယ့်ဟာကိုယ် မကိုက်အောင်လုပ်တာလား . . . (ကိုယ့်ဟာကိုယ်မကိုက်အောင် လုပ်တာပါဘုရား)။

## ဒီလူ့ထက်မိုက်တာမရှိတော့ဘူး

ဒီလူ့ထက်မိုက်တာ မရှိတော့ဘူး ဒါဖြင့် . . . (မှန်ပါ့) ဘယ့်နှယ်ဆိုကြမယ် . . . (ဒီလူ့ထက်မိုက်တာမရှိပါဘူးဘုရား)။

ဘယ်သူ့မှ အပြစ်တင်စရာကော လိုသေးသလား . . . (မလိုပါဘူးဘုရား)။ ကိုယ့်ရည်ရွယ်ချက်က တစ်မျိုး၊ ကိုယ်နေတဲ့အသုံးအနှုန်းက . . . (တစ်မျိုးပါဘုရား)။

တစ်မျိုးဆိုတော့ ကိုယ့်ရည်ရွယ်ချက် ကိုယ်ဖျက်တယ်၊ ကိုယ့်အဖိုးတန်ပစ္စည်း ကိုယ်ဖြုန်းတယ်၊ တယ်လည်းမသိတတ်ပါလား . . . (မှန်ပါ့) ဆိုထိုက် မဆိုထိုက် . . . (ဆိုထိုက်ပါတယ်ဘုရား) ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

ကိုယ့်အဖိုးတန်ပစ္စည်းက လူ့ဘဝနော် . . . (မှန်ပါ့) ကိုယ့်အဖိုးတန်ပစ္စည်း ကိုယ့်အလွဲသုံးစားကြီးထဲ သုံးနှုန်းပစ်လိုက်မယ်ဆိုလို့ရှိရင်ဖြင့် . . .။

## မနည်းရှာထားတဲ့ပစ္စည်း

သူများပစ္စည်း ဖြုန်းတာကတော့ဖြင့် ဒီလောက်ကိစ္စမရှိဘူး၊ ဟုတ်လား၊ ကိုယ့်ပစ္စည်းကိုယ် မနည်းရှာထားတဲ့ပစ္စည်း

ကို အလကား ဖြုန်းပစ်လိုက်တာကတော့ဖြင့် နာတယ်ဗျာ၊ ဆိုထိုက်ပလား . . . (ဆိုထိုက်ပါတယ်ဘုရား)။

မနည်းရှာထားတဲ့ပစ္စည်းဆိုတာ ကိုမြရွှေ သေချာပလား (သေချာပါတယ်ဘုရား)၊ ဒုလ္လဘတရားပဲကြည့် . . . (မှန်လှပါ)။

ဒုလ္လဘတရားက ရခဲတယ် ပြောသလား ရလွယ်တယ် ပြောသလား . . . (ရခဲတယ်လို့ ပြောပါတယ်ဘုရား)။

ဒါဖြင့် မနည်းရှာလို့ရတာပေါ့ . . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)၊ မနည်းရှာလို့ရတဲ့ ပစ္စည်းကို အလကားသုံးတယ်ဆိုလို့ရှိရင်ဖြင့် မင်းအစတုန်းက အပင်ပန်းခံသလောက် မင်းသုံးတာ၊ ဖြုန်းတာကဖြင့် မင်းမိုက်တွင်းနက်လို့သာ ဒီလိုသုံးတာပဲ . . . (မှန်ပါ့) ဆိုထိုက်မဆိုထိုက် . . . (ဆိုထိုက်ပါတယ်ဘုရား)။

## ကိုယ့်ကိုယ်ကို ဆုံးမစေချင်တယ်

အဲဒီလို ကိုယ့်ကိုယ်ကို ဒကာ ဒကာမတွေက ဘုန်းကြီးများက ဆုံးမစေချင်တယ်၊ ဒကာ ဒကာမတွေကလည်း ဆုံးမစေချင်တာသာ ဒီတရားနာတုန်းပဲ ကြားလိုက်တာပဲ၊ နက်ဖြန်ကျတော့ ခုနက တဏှာခိုင်းတဲ့အလုပ်ပဲ ပြန်ဝင်ဦးမှာပဲ မဝင်ကြဘူးလား . . . (ဝင်ပါတယ်ဘုရား)။

အဲတော့ ဘာလုပ်တာတုံး မေးလို့ရှိရင် ဘယ့်နှယ်ဖြေကြမတုံး . . . (အလွဲသုံးစားလုပ်တာပါဘုရား)။ ဘယ်သူ့ပစ္စည်း ဘယ်သူ အလွဲသုံးစားလုပ်တာတုံး . . . (ကိုယ့်ပစ္စည်း ကိုယ် အလွဲသုံးစားလုပ်တာပါဘုရား)။

ဟာ ကိုသစ် လွန်တယ်ဗျာ . . . (မှန်ပါ့) ဒကာ ဒကာမတွေ ကိုယ်မိုက်တာ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)၊ ကိုယ်မိုက်တာကော နောက်က ဒကာ ဒကာမတွေ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ဘယ်သူ့ပစ္စည်း ဘယ်သူသုံးတာတုံး . . . (ကိုယ့်ပစ္စည်း ကိုယ်သုံးတာပါဘုရား)။ အလွယ်နဲ့ ရတာလား၊ ခဲခဲယဉ်းယဉ်း ရတာလား . . . (ခဲခဲ ယဉ်းယဉ်းရတာပါဘုရား)။

နို့ ခုတော့ အလွယ်နဲ့ ဖြုန်းကြတယ်. . . (မှန်လှပါ)၊ ခဲခဲယဉ်းယဉ်းရတာဘာနဲ့ဖြုန်းတုံး . . . (အလွယ်နဲ့ဖြုန်းပါတယ်ဘုရား)။

## မသိတတ်တာခင်ဗျားတို့ပဲ

ကဲ ဒါဖြင့် မသိတတ်တဲ့အထဲ ခင်ဗျားတို့ပဲ ဆိုထိုက် မဆိုထိုက်. . . (ဆိုထိုက်ပါတယ်ဘုရား)။

ဒါနဲ့ နက်နက်နဲနဲတွေးမှ ဦးဝင်း ဒါပေါ်တယ်နော် (မှန်ပါ့) နက်နက်နဲနဲ မတွေးရင်တော့ (မပေါ်ပါဘူးဘုရား)။

ခင်ဗျားတို့က ရှာတာက ခက်တာက ဘုရားက ကေန် သိတဲ့လူ ပြောတဲ့စကားနဲ့ မရှာဘူး၊ ဟိုအိမ်၊ ဒီအိမ်ရှာနေတယ် သူတို့အိမ်လည်း ဒီလိုလုပ်ထားတာ၊ ဒို့အိမ်လည်း ဒီလိုလုပ်ထား တာ။

သူလည်း မနက်မိုးလင်းလာရင် ဆန်ချက်စားတာပဲ၊ ငါလည်း မိုးလင်းလာရင် ဆန်ယူပြီး ဘယ့်နှယ်လုပ်မယ်၊ အံမာလေး ခွကျလိုက်တဲ့ဖြစ်ခြင်းမှ မပြောပါနဲ့တော့၊ ဒီဒကာ ဒကာမတွေ နမူနာယူတာကိုက အိမ်နီးချင်းသွား နမူနာယူ တယ်၊ ဘုရား လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကာလပတ်လုံး ဖြည့်ဆည်းခဲ့လို့ရတဲ့ ဉာဏ်နဲ့ အမှန်ပြောတာကို နမူနာ မယူဘူး . . . (မှန်ပါ့)။

အိမ်နီးချင်းသွား နမူနာယူတယ် . . . (မှန်ပါ့) ရှင်း ပလား. . . (ရှင်းပါပြီဘုရား)၊ ဘယ်သူ့ နမူနာယူနေတုံး (အိမ် နီးချင်း နမူနာယူပါတယ်ဘုရား)။

အိမ်နီးချင်း ပတ်ဝန်းကျင် ဟုတ်လားဗျာ . . . (မှန်ပါ့) ဒါတွေပဲ ခင်ဗျားတို့ နမူနာ မယူကြဘူးလား . . . (ယူပါ တယ်ဘုရား)။

ဪ-ဒါတွေ နမူနာ ယူမလို့ လူ့ဘဝ တက်လာခဲ့တာ လား (မဟုတ်ပါဘူး) ကျွတ်တမ်း အင်မတန် လွဲကုန်ပါပေါ့လား (မှန်လှပါဘုရား)၊ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ကျုပ်တို့ ကိုယ်တိုင်လုပ်တာ ကိုယ်တိုင်သိပလား . . . (သိပါပြီဘုရား)၊ အားလုံး ဒကာ ဒကာမတွေ ဘယ်လိုသိရမှာတုံး . . . (ကိုယ်တိုင်လုပ်တာ ကိုယ်တိုင်သိရမှာပါဘုရား)။

ကိုယ်တိုင်လုပ်တာ ကိုယ်သိမှ လူလိမ္မာဖြစ်မှာကိုးဗျ. . (မှန်လှပါ)၊ ကိုယ်မိုက်တာ ကိုယ်မသိရင် ကိုမြရွှေ . . . (လူလိမ္မာမဖြစ်ပါဘူးဘုရား)။

## ကိုယ်မိုက်တာကိုယ်မသိဘူး

ဖြစ်နိုင်ပါ့မလား . . . (မဖြစ်နိုင်ပါဘူးဘုရား)၊ မဖြစ်နိုင်ဘူး၊ သူတစ်ပါးမိုက်တာသာ သိတယ်၊ ကိုယ်မိုက်တာ ကိုယ်မသိဘူးဆိုလို့ရှိရင် ဒီလူဟာ သူများထက် ပိုမိုက်တယ်လို့ ဆိုရမှာပဲ . . . (မှန်ပါ့)၊ ရှင်းပလား . . . ဒကာ ဒကာမတို့ . . . (ရှင်းပါပြီဘုရား)။

ကိုင်း-ဒါဖြင့် ဒကာ ဒကာမတို့ ဒီနေ့ကစပြီးတော့ ဩော် အလွဲသုံးစားအလုပ်တော့ဖြင့် ရပ်စဲဖို့ပဲ၊ ဘာကြောင့်တုံးဆိုလို့ရှိရင်ဖြင့် ရှေးတုန်းကလည်း အလွဲသုံးစားလုပ်ခဲ့လို့ လူ့ဘဝမရနိုင်ဘူး တိရစ္ဆာန် အပါယ်လေးဘုံပဲ လှည့်နေခဲ့ရတယ်။

ခု မရစဖူး အရထူးပြီး မနည်းကြိုးစားပြီး လူ့ဘဝရောက်အောင် ကြိုးစားလာခဲ့တဲ့အထဲက၊ အလွဲသုံးစားမင်းလုပ်တာကို ရှေးကမသိလို့နေတော့၊ ဒီကရှေ့ဖြင့် ကိုယ်ပိုင်ပစ္စည်းဖြစ်တဲ့

သက်တမ်းကြီးကိုဖြင့် အလွဲသုံးစားနဲ့ဖြင့် မဖြုန်းတော့ပါဘူးဆိုပြီး အချိန်တိုင်း သတိရပြီးသကာလ ဝိပဿနာ ကြိုးစားကြပါ. . . (မှန်လှပါ)။

ဒါမှ အလွဲသုံးစားကိစ္စဟာ ငြိမ်းသွားမယ် . . . (မှန်ပါ) နို့မဲ့ဟုတ်ရင် ငြိမ်းပါ့မလား . . . (မငြိမ်းပါဘူးဘုရား)၊ သဘောပါပလား . . . (ပါပါတယ်ဘုရား)။

ဘယ်အချိန်ပဲဖြစ်ဖြစ် အားလပ်ခွင့်ယူပြီးသကာလ နေလိုက်ဦးမယ်လေ၊ အမောအပန်းဖြေတယ်၊ အား . . . မင်းဘာ အလွဲသုံးစားလုပ်နေပါလိမ့် ကိုယ့်ကိုယ်ကို မေးပါ။

ဘယ်သူ့မေးရမှာတုံး . . . (ကိုယ့်ကိုယ်ကိုမေးရမှာပါဘုရား)။ ကိုယ့်ကိုယ်ကို မေးပါ၊ သွားစရာကိစ္စကလေးရှိတယ် သွားပါ၊ ဘုန်းကြီးက မသွားနဲ့မဆိုဘူး။

## ဝိပဿနာလေးနဲ့သွားပါ

သွားရင်း မတ္တနဲ့ လမ်းမှာဝိပဿနာလေးနဲ့သွားပါ၊ ဟိုကျတော့ ခင်ဗျားတို့ လုပ်နေကြလုပ်တာပေါ့ . . . (မှန်ပါ) မဟောထိုက်ဘူးလား . . . (ဟောထိုက်ပါတယ်ဘုရား)။

နို့ နောက်ကျတော့လည်း ဟို ကိစ္စရှိသေးတယ် ကျုပ်တရားချည့်အားမထုတ်နိုင်ဘူးဆိုတယ်၊ အလွယ်တရားတွေ ပါသွားတောင် ဘာဖြစ်သတုံး၊ ကုသိုလ်တော့ဖြစ်တာပဲ၊

တရားပါသွား အဖိုးတန်တာပဲလို့ ဆိုထိုက် မဆိုထိုက် . . . (ဆိုထိုက်ပါတယ်ဘုရား)။

ခုတော့သွားဆို ချတ်ခနဲ ထသွားတော့တာပဲ ဦးခင်မောင် အတော်ဆိုးနေတယ်. . . (မှန်လှပါ) မဆိုးဘူးလား . . . (ဆိုးပါတယ်ဘုရား)။

## ရေအိုင်ထဲကငါးပမာ

အဲတော့ကို ခင်ဗျားတို့ဟာ ဘယ်လိုလုပ်သိသတုံးဆိုတော့ ဘုရားက ဟောလိုက်တယ်တဲ့၊ နွေအခါမှာ ရေအိုင်လေးတစ်ခုထဲမှာ ငါးကလေးတွေ ပျော်ပြီးသကာလ အမြီးလေးခတ်၊ အတောင်လေးခတ်နဲ့ ပျော်ပါးနေတဲ့၊ ငါးကလေးနဲ့တူတယ်၊ နွေအခါမှာနွေအခါမှာ . . . (မှန်ပါ့)။

နက်ဖြန်၊ သန်ဘက်၊ နွေအခါဆိုတော့ ဒီရေကခန်းလိမ့်မယ် (ခန်းမှာပါဘုရား)၊ သူက ခန်းမှာမသိတော့ ပျော်လို့နေတယ် . . . (မှန်ပါ့)။

## ရေခန်းမှာမသိလို့ပျော်နေတာ

ဦးဘအုန်း သူက ခန်းမှာမသိတော့ (ပျော်နေပါတယ်ဘုရား) ဩော်-ကျုပ်တို့က ကမ်းပေါ်ကနေကြည့်လိုက်တော့ ဩော်. . . တိရစ္ဆာန်မိုက်တာ၊ နက်ဖြန် သန်ဘက် ဒီရေခန်းရင်

ငါးလိပ် မကန်းတို့ စွန့်တို့၊ သားရဲတို့၊ ကျီးတို့၊ တောခွေးတို့ အိမ်ခွေးတို့ အစာဖြစ်ရှာတော့မယ်။

မသိတော့ ပျော်ရှာတယ်၊ ကိုယ်က ကမ်းပေါ်ကနေ ကြည့်တယ် . . . (မှန်ပါ့) သဘောကျပလား . . . (မှန်ပါ့)။

ဘုရားကလည်း ကုန်းပေါ်ကနေကြည့်တော့ ခင်ဗျားတို့ ပျော်နေတာများ နက်ဖြန် သန်ဘက် သေမှာကိုတောင် မသိလို့ ပျော်နေတာလို့ ငါးမြင်သလို မြင်တာပဲ . . . (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘယ်လိုမြင်ပါလိမ့် . . . (ငါးမြင်သလို မြင်ပါတယ် ဘုရား) ခင်ဗျားတို့ကလည်း ငါးကြည့်ပြီးတော့ ပြောတာပဲ ဩော် ငါးကလေးတွေ ဒီထဲပျော်နေလိုက်ကြတာ နွေအခါကြီး ပဲ။

## နက်ဖန်၊ သန်ဘက်သေရှာတော့မယ်

နက်ဖြန်၊ သန်ဘက်ဆိုလို့ရှိရင်ဖြင့် ဒီငါးကလေးတွေ ပြေးပေါက်လည်းမရှိ သေရှာတော့မှာပဲ တိရစ္ဆာန်မို့ ကြည့်ပါဦး ပျော်နေလိုက်တာ ဟိုပြေးလိုက်၊ ဒီလွှားလိုက် တစ်ကောင် တစ်ကောင် လိုက်ကြ၊ ပြေးကြ။

အင်း ပျော်နေလိုက်တာဆိုတော့ ခင်ဗျားတို့လည်း ကုန်းပေါ်ကနေ ကြည့်တော့ တိရစ္ဆာန်မို့ ပျော်နိုင်ရှာတာလို့ ခင်ဗျားတို့ပဲမပြောပေဘူးလား. . . (ပြောမှာပါဘုရား)။

ဘာဖြစ်လို့တုံး ရေနည်းပြီ. . . (မှန်ပါ့) တစ်နေ့တခြား ခန်းမယ်မဟုတ်လား. . . (ခန်းမှာပါဘုရား)။

နို့ အဲဒီခန်းတဲ့ ငါးကလေးတွေကိုကြည့်လိုက်တော့ ဦးဝင်းတို့က ငါးအကြောင်းတော့အသိသားဗျ. . . (မှန်ပါ့) ကိုယ်ခန်းနေတာတော့. . . (မသိပါဘူးဘုရား)။

ခက်တယ် ခင်ဗျားတို့ ဥစ္စာက အတော်ကို ခက်နေတယ်ဆိုတဲ့ အဓိပ္ပာယ် ပြောထိုက် မပြောထိုက်. . . (ပြောထိုက်ပါတယ်ဘုရား)။

ကိုယ်ကလုပ်နေတာ ဘယ့်နှယ်နေကြတုံး. . ခန်းနေတယ်. . . (ခန်းနေပါတယ်ဘုရား) သဘောကျပလား (မှန်ပါ့)။

ကိုယ့်အသက်နေ ခန်းတာက နေ့တွေ ညတွေကို လွန်လွန်သွားတဲ့ကိုယ်က ဒကာ ဒကာမတွေ ကိုယ်နေဖို့ သေသေချာချာ အသက်တန်း ခန်းတာပဲ ဆိုတာက ဘာမှပြောစရာမလိုဘူး၊ ငြင်းစရာမလိုဘူး. . . (မှန်ပါ့)။

လိုသေးလား. . . (မလိုပါဘူးဘုရား) ဒကာ ဒကာမတွေခု တစ်နေ့တခြား ဘာဖြစ်နေတုံး၊ သေဖို့ နီးနေတယ်ဘုရား (မှန်ပါ့)။

## ကံတည်းဟူသောရေခဲတွေခန်းကုန်ပြီ

ကဲ ဖြေကြစမ်းပါ ဘယ့်နှယ်. . . (သေဖို့နီးပါတယ် ဘုရား)။ ဘာဖြစ်လို့တုံးဆိုလို့ရှိရင်ဖြင့် ကန်ရေတွေခန်းကုန်ပြီ ဘုရား။

ကိုယ့်ပေးမယ့် အသက်ရှည်မယ့် ကံတွေက ခန်းခန်း လိုက်တယ်. . (တင်ပ့ါ)၊ သဘောကျပလား(ကျပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် ခင်ဗျားတို့ နေဖို့ နည်းပါလိမ့်. . . (ကံရေခန်းလို့ပါဘုရား) ကံရေဆိုတာ ဟိုရေကိုဆိုတာမဟုတ် ဘူးနော်. . (မှန်ပ့ါ)။

ခင်ဗျားတို့ အသက်ရှည်ဖို့ ကံတည်းဟူသော ရေတွေ တစ်နေ့တခြား ခန်းပါတယ်. . . (မှန်ပါ) သဘောကျပလား (မှန်ပ့ါ)။

ခင်ဗျားတို့ ကံကြောင့်အသက်ရှည်နေကြတာကိုး. . . (မှန်ပ့ါ) အဲဒီကံတွေက ဘယ့်နှယ်နေတုံး. . . (ခန်းပါတယ် ဘုရား)

ဩော်. . ခန်းတာတောင်မှ ခင်ဗျားတို့ သားနဲ့ သမီးနဲ့ ဆွေနဲ့ ပစ္စည်းနဲ့ ပြုံးတုန်းရှိသေးတယ်ဆိုတော့ အင်းငါးပျော် ပျော်နေတာ. . . (တင်ပ့ါ)။

ဦးဝင်း ဘယ့်နှယ်ဆိုတုံး. . (ငါးပျော် ပျော်နေပါတယ် ဘုရား)။ ငါးဟာ လူလား၊ တိရစ္ဆာန်လား. . . (တိရစ္ဆာန်ပါ ဘုရား)။

## တိရစ္ဆာန်ပျော် ပျော်နေတယ်

နို့ လူ ခင်ဗျားတို့ ဘာပျော်နေပါလိမ့်. . . (တိရစ္ဆာန် ပျော် ပျော်နေပါတယ်ဘုရား)၊ တိရစ္ဆာန်ပျော် ပျော်တယ်ဆို တော့ အားနာပေမယ့်လည်း ဟုတ်နေလို့ ပြောရတာ. . . (မှန်ပါ့)။

ဦးစံရင် ခင်ဗျားအားနာလို့ ဟောတယ်လို့ အောက်မေ့ မနေနဲ့နော်. . . (မှန်ပါ့)။ ရိပ်မိကြပလား. . . (ရိပ်မိပါ တယ် ဘုရား)။

ဒီဒကာ ဒကာမတွေလည်း ဟာ. . . ဘုန်းကြီးက ပြော ရက်လိုက်တာ အားနောင်မနာဘူးဆိုလို့ရှိရင်ဖြင့် မသေရင် တော့ မပြောပါဘူး. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါ တယ်ဘုရား)။

ဘယ့်နှယ်ကြောင့် ဒီလို အပြောခံရပါလိမ့်. . . (သေ မှာမို့လို့ပါ ဘုရား) ဟုတ်ကော ဟုတ်ရဲ့လား. . . (ဟုတ်ပါ တယ်ဘုရား)။

ဒကာ ဒကာမတွေ အခုနက တိရစ္ဆာန်တွေ ကြည့်တော့ ခင်ဗျားတို့ ရိပ်မိတာလည်း အထင်အရှားမြင်သားပေါ့ဗျာ. . . (မှန်ပါ့) ကိုယ်ပိုင် ဒီဉစ္စာ သားနဲ့ သမီးနဲ့ ဆွေနဲ့ မျိုးနဲ့ ပျော်ပြီး သကာလနေတော့ ကိုယ့်ကံတွေကလည်း ခန်းပါရဲ့သားနဲ့။

အဖွေ့ဝ သုဝေဝ ဆိုတာလည်း ဘုရားကလည်း ဟော ပါရဲ့သားနဲ့ ခန်းဖို့ကလည်း သေချာတယ်၊ နက်ဖြန် သန်ဘက် လည်းသေနိုင်တယ်လို့ နှစ်ချက်ဖြစ်နေတယ်. . . (မှန်ပါ့)။

## နက်ဖန်၊ သန်ဘက်လည်းသေနိုင်တယ်

ကဲ၊ ရေခန်းတာကလည်း မသေချာဘူးလား. . . (သေ ချာပါတယ်ဘုရား) နက်ဖန်၊ သန်ဘက်ပဲ ရောဂါဥပါဒ် အန္တရာယ်တွေ၊ ကပ်တွေနဲ့ မသေနိုင်ကြဘူးလား. . . (သေနိုင်ပါတယ်ဘုရား)။

ကိုယ့်ခန္ဓာကိုယ်ထဲ ကြည့်ပြန်တော့ သေမင်းချည့် စုနေ တယ်. . . (မှန်ပါ့)၊ ခန္ဓာက ဝေဒနာက္ခန္ဓာ. . . (မှန်ပါ့)။

ခင်ဗျားတို့ခန္ဓာက ဘာခန္ဓာတုံး. . . (ဝေဒနာက္ခန္ဓာပါ ဘုရား)၊ ဝေဒနာက္ခန္ဓာဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ ဝေဒနာ ဘယ် တော့မှ မကင်းတဲ့အတွက် ဒီဝေဒနာသတ်မှာပဲ. . . (မှန်ပါ့)။

သူကလည်း အတွင်းမှာနေသလား၊ အပြင်မှာနေသ လား . . . (အတွင်းမှာနေပါတယ်ဘုရား)၊ အတွင်းမှာပဲနေ တယ်ဆိုတော့ သူသတ်ယောက်ျားကြီးနဲ့လည်း နေရသေးရဲ့ ပြုံးလည်း ပြုံးသေးရဲ့ ဟာ! ဘာဖြစ်တာတုံး. . . သစ္စာမသိလို့ မဟုတ်သေးဘူး တိရစ္ဆာန်စိတ်ပေါက်နေလို့. . ရိပ်မိပလား (ရိပ်မိပါတယ်ဘုရား)။

ဘယ်လိုကြောင့်ပါလိမ့်. . . (တိရစ္ဆာန်စိတ်ပေါက်နေလို့ပါဘုရား)။ ဦးခင်မောင်ရေ ဒီအရွယ်ကြီးတွေလည်း မကောင်းဘူးဗျနော်. . . (မှန်ပါ့)။

ကောင်းရဲ့လား. . . (မကောင်းပါဘူး)၊ မကောင်းပါဘူး၊ သို့သော်လည်း အရွယ်ကြီးသလောက် ကျုပ်တို့မှာ သတိပညာဝေးလို့သာ ဒီဆုံးမချက်ခံရတာပေါ့ဗျာ. . . (မှန်လှပါ)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

အရွယ်ကြီးတာ မငဲ့လို့လား၊ အရွယ်ကြီးသလို မကြီးလို့ပြောရတာလားသာ မေးကြပါတော့. . . (အရွယ်ကြီးသလို မကြီးလို့ပါဘုရား)။ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲဒါ စကားတတ်လို့ လှည့်ပတ်ပြီး ပြောနေတယ်လို့ မယူနဲ့. . . (တင်ပါ့)၊ ကိုယ့်ဖြစ်စဉ်နဲ့ အကိုက်ပြောနေတာ. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒေါ်ရီတို့ ဘယ်လိုမှတ်ကြမယ်. . . (ဖြစ်စဉ်ကိုက်ပါဘုရား) ကိုယ့်ဖြစ်စဉ်နဲ့ ကိုယ်အကိုက် နှုတ်လာတာ ဘယ်လောက်များပြီတုံး. . . (များပါပြီဘုရား)။

## သေခါနီးပြုံးဆိုရင်အရှုံးပဲ

ခု ငါးဆယ်ရှိတဲ့ ပုဂ္ဂိုလ်ဟာ၊ ငါးဆယ်တိတိနှုတ်တော့ ခုနှစ်ဆယ့်ငါးနှစ်တန်း၊ နှစ်ဆယ့်ငါးနှစ်ကျန်တော့တယ်ဘုရား

ဒါတောင် ပြုံးတုန်းဆိုလို့ရှိရင်ဖြင့် အင်း သေခါနီးပြုံးပြုပါလား (မှန်ပါ့)။

ဘယ့်နှယ် ဆိုကြမယ်. . . (သေခါနီးပြုံးပါဘုရား) ဟာ သေခါနီးပြုံးဆိုရင် အရူးပဲ. . . (မှန်ပါ့) ဘယ့်နှယ်ဆိုကြမတုံး (အရူးပါဘုရား)။

သေခါနီးနေတဲ့ ဥစ္စာတောင် ပြုံးတုန်းဆိုတော့ကို ခင်ဗျားတို့ မရူးရင် မပြုံးနိုင်ဘူး. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ကိုယ်ပြုံးမယ့်ကြဲရင် ဦးခင်မောင် သတိထားလိုက်ပါဦးနော် . . . (မှန်ပါ့) ဘယ်လိုစိတ်ကူးမတုံး . . . (သေခါနီး ပြုံးပါဘုရား)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒီပြုံးသေမှာ ကံရေက ခန်းနေတာလား . . . (ကန်ရေက ခန်းနေတာပါဘုရား) ကန်ရေက ခန်းလို့ရှိရင်ဖြင့် ခင်ဗျားတို့ လွတ်ရာ ရှာဖို့သာ ဝတ္တရား ရှိတော့တယ် . . . (မှန်ပါ့)။

## အသေလွတ်ရာရှာ

အသေလွတ်ရာ ရှာဖို့ . . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား) အသေလွတ်ရာ ရှာတော့ကို ခင်ဗျားတို့ ကိလေသာ ချုပ်လို့ရှိရင် အသေလွတ်မှာပဲ . . . (တင်ပါ့)။

ဟုတ်ပလား . . . (မှန်ပါ့) ကိလေသာ မချုပ်လို့ရှိရင် နောင်တဖန် သေဖို့ ခန္ဓာကြီးတစ်ခု ပြန်မရပေဘူးလား . . . (ရပါတယ်ဘုရား)။

အဲတော့ ကိလေသာချုပ်တဲ့အလုပ်ကို လုပ်ပြီးလို့ ရှိရင်တော့ ပြုံးပါတဲ့ အသေလွတ်လို့ ပြုံးပါ . . . (မှန်ပါ့)။.

ခုတော့ သေစရာကြီးက နီးလေလေ ပြုံးလေလေ ဆိုတော့ ဦးဘတင် ဒီဥစ္စာ အတော် ရှုးချက်သန်တယ် . . . (မှန်ပါ့) ကိုမြရွှေ ဘယ့်နှယ်ဆိုကြမတုံး . . . (ရှုးချက်သန်ပါ တယ်ဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒီလောက် ဆုံးမလို့ရှိရင်ဖြင့် ဩော် ပြုံးဆိုတာ မသိရှာလို့ ပြုံး ရှာတာပဲ၊ ကံရေခန်းနေတာကလည်း သေချာသားပဲလို့ ဉာဏ် ရောက်ကြ. . . (မှန်ပါ့)။

## ပြုံးရင်တော့တိရစ္ဆာန်

နောက် မပြုံးကြနဲ့ . . . (တင်ပါ့)၊ ဒကာ ဒကာမတို့ သားနဲ့လည်းသွားမပြုံးနဲ့၊ သမီးနဲ့လည်း သွားမပြုံးနဲ့၊ ခင်ပွန်း သည်နဲ့လည်း သွားပြီးမပြုံးပါနဲ့ဆိုတဲ့ အဓိပ္ပါယ်ကို ကန့်ကွက်တာ ကော ကိုယ်က ကံရေခန်းလို့ ငါးတိရစ္ဆာန်တွေပျော်သလို တိရစ္ဆာန်ဖြစ်သွားမှာစိုးလို့ မပြုံးပါနဲ့ပြောတာ . . . (မှန်ပါ့)။

ဦးဝင်း ဘယ့်နှယ်ကြောင့် ဒီလောက် ပိတ်ပင်ပါလိမ့် ပြုံးရဝ်တော့ တိရစ္ဆာန်ပဲ . . . (မှန်ပါ့)။

ဘာကြောင့်တုံးဆိုတော့ မနေ့ကနဲ့ ဒီနေ့ ကံရေ ဒီနေ့ ပိုခန်းတယ် . . . (မှန်ပါ့)၊ မနက်ဖြန်ကျတော့ . . . (ပိုခန်း ပါတယ်ဘုရား)။

အင်း နေသာကြီးပဲ ဒကာ ဒကာမတွေ နေပူလေ ခန်း လေပေါ့ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ် ဘုရား)။

ဒီဟာလည်း ဒကာ ဒကာမတွေသည်ကားလို့ ဆိုလို့ရှိ ရင်ဖြင့် တစ်နေ့ထက်တစ်နေ့ ခန်းလာတယ်ဆိုတဲ့ဥစ္စာက ဦးခင်မောင် မသေချာဘူးလား . . (သေချာပါတယ်ဘုရား)။

အဲဒီ ကန်ရေခန်းခါနီးတောင်မှ ဒီငါးနဲ့တူတဲ့ သတ္တဝါ လေးတွေက ပျော်တုန်း၊ ပါးတုန်း၊ ပြုံးတုန်း၊ ရွှင်တုန်းဆိုလို့ ရှိရင်ဖြင့် အားလုံး ဒကာ ဒကာမတွေ ပြော် ဒို့ဟာ တိရစ္ဆာန်နဲ့ မထူးပါဘူး . . . (မှန်လှပါ)။

စွဲချက်တင်ထိုက် မတင်ထိုက် . . . (တင်ထိုက်ပါတယ် ဘုရား)၊ တင်ထိုက်ပါတယ်ဆိုတာ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ကိုင်း ဒကာ ဒကာမတို့ ဘယ့်နှယ်တုံး ပြုံးရဲသေးရဲ့လား (မပြုံးရဲပါဘူးဘုရား)။

ဦးခင်မောင် ဘယ့်နှယ်တုံးဗျ ခုကို ပြုံးနေပြန်ပြီလား ခုကို ပြုံးနေပြန်ပြီ၊ ဖြစ်စဉ်က ဆိုးလွန်းလို့ပါ . . . (မှန်ပါ့)။

ဖြစ်စဉ်က ဆိုးလွန်းလို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အရင်းတွေမို့ ဒီတရားမျိုးက ဒီလိုဖော်မပြောလို့ရှိရင် ခင်ဗျား တို့မှာ သဿတဒိဋ္ဌိ ကပ်နေမှာစိုးလို့ . . . (မှန်လှပါ)။

## ခိုင်တယ်မြဲတယ်ဆိုတာမရှိဘူး

ခိုင်တယ်၊ မြဲတယ်ဆိုတာ ဒိဋ္ဌိကိုးဗျ . . . (မှန်လှပါ)၊ အဲဒီ သဿတဒိဋ္ဌိကို ပယ်လိုက်တာပါပဲ . . . (တင်ပါ့)။

တရားကို အနှစ်သာရ ထုတ်လိုက်တော့ ခိုင်တယ် မြဲတယ်ဆိုတာမရှိဘူး။

မနက်ဖြန်၊ သန်ဘက်ပဲ အနိစ္စရောက်နိုင်တယ်၊ ဒုက္ခ ရောက်နိုင်တယ်၊ အနတ္တရောက်နိုင်တယ်ဆိုတာကို ဒကာ ဒကာမတွေက မရဏာ နုဿတိကနေပြီးသကာလ အနိစ္စ ဉာဏ်ရောက်အောင် သတိပေးတာပဲ . . . (မှန်လှပါ) ပေါ်ပလား (ပေါ်ပါပြီဘုရား)။

## မသိပြုံး၊ အရှုံးပြုံး

ကဲ ဒါဖြင့် ဒကာ ဒကာမတို့ ပြုံးနေတဲ့ ပုဂ္ဂိုလ်ကို တွေ့တိုင်း တွေ့တိုင်း၊ ဩော်-မသိပြုံး အရှုံးပြုံးမှတစ်ပါးဖြင့်

သူ့ဘာမှ မရှိဘူးလို့ သံဝေဂရပြီးသကာလ၊ ဒို့ဖြင့် ပြုံးချိန်မဟုတ်ဘူး ကံရေတွေ ခန်းပေါ့ဆိုပြီးသကာလ၊ သေခါနီးနေတဲ့ဥစ္စာဖြင့် အသေလွတ် မရှာလို့ရှိရင်၊ ငါ့ထက်မိုက်တာ မရှိဘူးလို့ဆိုပြီး သူတော်ကောင်းအလုပ်ကိုလုပ်ပါ . . . (မှန်လှပါ) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဦးဝင်းတို့ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)၊ ဒါက ပေါ်ရုံတင်ပေါ်လို့မဖြစ်ဘူး နေရာတိုင်း၊ နေရာတိုင်း သတိထားကြပါ . . . (တင်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

အဲတော့ ခင်ဗျားတို့ သတိထားတာက အရောင်းအဝယ်ပါးတယ်၊ အင်း ခွကျကုန်ပြီ၊ သတိထားရင်တော့ တစ်မျိုးဖြစ်နေတယ် . . . (မှန်ပါ့)။

## သဿတဒိဋ္ဌိဝင်တယ်

အရောင်းအဝယ်ကပါးတော့ နေရာမကျဘူး ချွေသုံးမှထင်ပါရဲ့ နေစရာကအများကြီးကျန်သေးတယ်၊ အဲ သဿတဒိဋ္ဌိက ဝင်လာပြီး . . . (မှန်ပါ့) မဝင်ကြဘူးလား . . . (မှန်လှပါ)။

ချွေသုံးမှဆိုတော့ ဘာတုံး . . . (သဿတဒိဋ္ဌိပါဘုရား)၊ ချွေသုံးမှဆိုတော့ သူအများကြီးနေရဦးမယ်ဆိုတဲ့ ခိုင်မြဲတဲ့ ဒိဋ္ဌိပါတယ် (မှန်ပါ့)။

အဲ့ဒါသာ ခင်ဗျားတို့က ဒိဋ္ဌိဘက်သာ လှည့်သွားတာပဲ ဒကာ ဒကာမတို့ အင်း-အသေလွတ် ရှာမယ်ဆိုတဲ့ ဉာဏ်ပိုင်းကို လှည့်ရဲ့လား . . (မလှည့်ပါဘူးဘုရား)။

ဒါဖြင့် ဒီ ဒကာ ဒကာမတွေ ဘုန်းကြီးနဲ့တွေ့လို့တော်တော် သေးတာဗျာ . . . (မှန်ပါ့) တော်တော်သေးတာ။

ဪ-ဒို့တွက်တာက အတွက်မှားချည့် တွက်နေတာကိုး (မှန်ပါ့) ဆိုထိုက်၊ မဆိုထိုက် . . . (ဆိုထိုက်ပါတယ်ဘုရား)၊ ကဲ အတွက်မှန်ကြပလား . . . (မှန်ပါပြီဘုရား)။

ကဲ သေခါနီးလေလေ အသေလွတ်ရှာဖို့ကောင်းလေလေ၊ ဘာတဲ့ . . . (သေခါနီးလေလေ အသေလွတ် ရှာဖို့ကောင်းလေလေပါဘုရား)။

သေခါနီးက ရက်တွေ နည်းကုန်ပြီတဲ့ . . . (မှန်ပါ့) သန်ဘက်ခါကျတော့ နေရပြန်တော့ကော ပိုမနီးဘူးလား . . (ပိုနီးပါတယ်ဘုရား)။

ပိုနီးရင်ဘာလုပ်ရမှာတုံး . . . (ပိုရှာရပါတယ်ဘုရား) သန်ဘက်ခါပိုရှာ၊ ဖင့်နွှဲခါကျတော့ ဘာဖြစ်ပြန်တုံး . . . (ပိုနီးပါတယ်ဘုရား)။ ပိုနီးရင် ဘယ့်နှယ်တုံး . . . (ပိုရှာရပါတယ်ဘုရား)။

ပိုရှာရမယ် အသေလွတ်ကို . . . (မှန်ပါ့) ဒါမှလည်း မသေရာအမှန်ကိုးဗျ . . (မှန်ပါ့) ပေါ်ပလား . . .

(ပေါ်ပါပြီဘုရား)။ အံမာလေး တရားဟောရတယ်မရှိဘူး သတိပေးနေရတာနဲ့ကို မနည်းလှဘူး။

ဒါ တရားဟောတာ မဟုတ်သေးဘူး သတိပေးတုန်း ရှိသေးတယ် ရိပ်မိပလား . . . (မှန်ပါ့)။

## ဒီနေ့သတိပေးတာမမေ့ကြနဲ့

ကဲ-ဒီနေ့ သတိပေးချက်ဟာဖြင့် ခင်ဗျားတို့ တစ်သက်လုံး မမေ့ကြပါနဲ့ . . . (မှန်ပါ့)၊ ကံရေကဖြင့် ခန်းပြီ၊ တစ်နေ့ တခြား ခန်းတာပဲ၊ ငါးတွေ ပျော်သလို ပျော်မနေနဲ့တော့။

ကုန်းပေါ်ကနေကြည့်တော့ ကိုယ်လည်း ငါးကလေးတွေ ကိုယ်သိသားဗျ၊ တိရစ္ဆာန်၊ တိရစ္ဆာန်နဲ့ ခင်ဗျားတို့ကများ ပညာရှိများ လုပ်ပြီးသကာလ တိရစ္ဆာန်များဖြစ်ရင် ကြောက်ပါတယ်။

နက်ဖြန်၊ သန်ဘက် စွန်တို့၊ သားရဲတို့၏ အစာဖြစ်မှာတောင် ဒါတောင်ပျော်တုံး၊ ဒါတောင်ပျော်တုံး တိရစ္ဆာန်တော့ သွားမြင်တယ်။

ကိုယ့်မှာ ဒီအတိုင်း ကံရေခန်းနေတာတော့ . . . (မမြင်ပါဘူးဘုရား)၊ မမြင်ဘူးဆိုကတည်းကိုက သူလည်း တိရစ္ဆာန်ပဲ ငါလည်း ဘာပါလိမ့်မတုံး မေးရုံရှိတော့တာပဲ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ငါလည်း ဘာပါလိမ့် . . . (တိရစ္ဆာန်ပါဘုရား)၊ အဲဒီအချိန်မှာ ဒီ သူတော်ကောင်းအလုပ် မရှာတဲ့အချိန်မှာ တိရစ္ဆာန်စိတ်ပေါက်နေပြီသာ မှတ်ပေတော့ . . . (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ကဲ ညဏ်ရောက်ကြပလား . . . (ရောက်ပါတယ်ဘုရား)၊ ဘုရားဟောတော်မူလို့ ဘုန်းကြီးက ဟောရတာပါတဲ့ ခင်ဗျားတို့ အလွဲသုံးစား ခင်ဗျားတို့ တပည့်တော်တို့ ကျန်းမာတယ်ဘုရားလို့ ဆိုမှာစိုးလို့ ကိုယ့်သက်တမ်းကြီး အင်မတန်အဖိုးတန်တာကြီးကို အလွဲသုံးစားလုပ်နေကြတာဟာ ခင်ဗျားတို့ပါပဲလို့ ပြောလိုက်တယ်။

ပြောထိုက် မပြောထိုက် . . . (ပြောထိုက်ပါတယ်ဘုရား)၊ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)၊ နေပါဦး တပည့်တော်တို့က ဒီလို ဆရာကောင်း သမားကောင်းနဲ့မှ တွေ့ရင်တွေ့ပါစေဘုရား။

အဲ - မတွေ့ရင်လည်း အဲဒါရှောင်လိုက်ပါတော့၊ တွေ့တဲ့အချိန်ကစ အလွဲသုံးစား ရှောင်ပါ . . . (မှန်ပါ့) ဟုတ်ဖူးလား (ဟုတ်ပါတယ်ဘုရား)။

မတွေ့တုန်းက မသိလို့ မရှောင်တတ်တာပါ၊ ဘယ်သူမှ အပြစ်ဆိုစရာ မလိုပါဘူး . . . (မှန်ပါ့ဘုရား) ခုတော့ သိပြီမို့လား . . . (သိပါပြီဘုရား)။

## အသေလွတ်ရာရှာဖို့အချိန်

အင်း ဘယ်အချိန်မဆို နက်ဖြန်သေခါနီးလည်း နက်ဖြန်အသေလွတ်ရှာမယ် . . . (မှန်ပါ့)၊ သန်ဘက်ခါ အသေနီးတယ်၊ ဩော် - သန်ဘက်ခါကျလို့ရှိရင် ဘာ အရေးကြီးတာက အသေလွတ်ရှာတာ ပိုအရေးကြီးရမယ်။

ဒီလိုချည့် ဉာဏ်ကတက်သွားရမယ် . . . (မှန်ပါ့)၊ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)၊ ဉာဏ်တက်တတ်ပလား (တက်တတ်ပါပြီဘုရား)။

အခုတော့ ခင်ဗျားတို့ဟာက ငယ်တုန်းမိုက်ကြီးတော့ မလိမ္မာဆိုတော့ ဘယ်ဟာများ ဘာပါသေးသတုံး . . . (မပါပါ ဘုရား)။ ပါသေးသလား . . . (မပါ ပါဘူးဘုရား)။

ငယ်တုန်းတော့ ဘယ့်နှယ်တုံး . . . (မိုက်ပါတယ် ဘုရား)။ ကြီးတော့ ဘာတုံး . . . (မလိမ္မာပါဘုရား)။

အဲ ဒီထက်ကြီးတော့ ဆိုးဝါးလာဦးမယ်၊ မဆိုးဝါးပေ ဘူးလား . . . (ဆိုးဝါးပါတယ်ဘုရား)။

အဲဒီ သုံးချက်က ခင်ဗျားတို့က ရေလဲနဲ့သုံးနေတာ (မှန်ပါ့)၊ ငယ်တုန်း မိုက်တယ်၊ ကြီးတော့ . . . (မလိမ္မာပါ ဘုရား)၊ ဒီထက် အိုတော့ . . . (ဆိုးဝါးပါတယ်ဘုရား)။

ဟ - ဘာကောင်းသေးတုံးဗျ . . . (မကောင်းပါဘူး ဘုရား)၊ ကောင်းတာကို ပါသေးရဲ့လား . . . (မပါ ပါ ဘူးဘုရား)၊ အဲဒီသုံးချက်မှတ်ထားစမ်းပါ။

ငယ်ငယ်တုန်းက မိုက်တယ်၊ ကြီးတော့ မလိမ္မာဘူး၊ အိုတော့ ဆိုးဝါးတယ်ဆိုတော့ ဘယ့်နှယ်တုံး တွက်လို့ကိုရသေးရဲ့လား . . . (မရပါဘူးဘုရား)။

ဦးစံရင် တွက်လို့ကို ဒီထဲ အမြတ်ပါသေးသလား (မပါပါဘူးဘုရား)၊ အဲဒီထဲမှာ ဒါတောင် အင်မတန်သတိပေးတဲ့သူ ရှိလို့ ခင်ဗျားတို့ နည်းနည်းတော်သေးတာ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ကဲ ဒါဖြင့် ခင်ဗျားတို့ကို တရားရှည်ရှည်နဲ့ ကျင့်မှ ကြံမှ ဆိုတော့လည်း ခင်ဗျားတို့ ကံရေက ခန်းသည် . . . (တင်ပါ့)။

## သေခါနီးဆရာက သေခါနီးတရားဟောနေတာ

ခု ဘယ်သူ့တရားဟောနေတာတုံး သေခါနီးတရားဟောနေတာ၊ ဘာတရားပါလိမ့် . . . (သေခါနီးတရားပါဘုရား)၊ သေခါနီးတရားဗျ၊ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

ဟော် ကိုမြရွှေတို့ ဘာတရားဟောနေတာတုံး . . . (သေခါနီးတရားပါဘုရား)၊ အင်း ဒို့ ဒကာ ဒကာမတွေ သေခါနီးတရားဟောနေတယ်၊ ဘယ်သူကဟောတုံး အို သေခါနီးဆရာက ဟောနေတာ . . . (မှန်လှပါဘုရား) ရိပ်မိပလား , . . (ရိပ်မိပါတယ်ဘုရား)။

ဘယ်သူက ဟောတာတုံး . . . (သေခါနီး ဆရာက ဟောတာပါဘုရား)။ သေခါနီး ဆရာက ဘယ်သူ့ဟောနေတာ တုံး . . . (သေခါနီး ဟောနေတာပါဘုရား)။

## ပျာပျာသလဲလုပ်ရမယ်

သေခါနီးကို ဟောနေတယ်ဆိုတော့ ဒီကလည်း ပျာပျာ ပဲ ပြောရမယ် . . . (မှန်ပါ့)၊ ခင်ဗျားတို့ကကော . . . (ပျာပျာ သလဲ လုပ်ရမှာပါဘုရား)၊ ပျာပျာသလဲပဲ လုပ်ရမယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘုန်းကြီးကလည်း . . . (ပျာပျာသလဲပါဘုရား)၊ တရားရှည်ကြီးဟောနေလို့ မရဘူး . . . (မှန်ပါ့)၊ ပျာပျာသလဲ လိုရင်းကို ဟောရမယ် . . . (မှန်ပါ့)။

ခင်ဗျားတို့ကလည်း အချိန်ဆွဲပြီး နာနေလို့ မဖြစ်ဘူး၊ အချိန်ဆွဲပြီးမှ လုပ်မယ်ဆိုတော့ကော . . . (မဖြစ်ပါဘူး ဘုရား)။

ဘယ်လိုလုပ်ရမတုံး . . . (ပျာပျာသလဲကို လုပ်ရမှာ ပါဘုရား)။ အဲ ဒီတစ်ခါတော့ မြန်မြန် ခုပျာမှ ဖြစ်တော့မယ်. . (တင်ပါ့ဘုရား)၊ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

ဒီကလည်း တိုတိုနဲ့ မိတဲ့တရားပဲ ဟောရမယ် . . . (မှန်ပါ့)၊ ကိုသစ်ရေ . . . (မှန်ပါ့) တိုတိုနဲ့မိတဲ့တရားဟောမှ ရမှာကို . . . (မှန်ပါ့)။

## ဘုန်းကြီးဘာကြောင့်လောရသတုံး

ဘာကြောင့် ဒီလောက် ဘုန်းကြီး လောရသတုံးဆိုတာ ကော ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား) သေခါနီးကို ဟောနေရလို့ (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘာပြုလို့တုံး . . . (သေခါနီးနေလို့ပါဘုရား)၊ ဟုတ် ကော ဟုတ်ရဲ့လား နက်ဖြန် ပိုနီးသလား၊ မနီးလား . . . (နီးပါ တယ်ဘုရား)၊ သန်ဘက်ခါ . . . (နီးပါတယ်ဘုရား)။

ဒါကြောင့် တရားက ဒီထက်မြန်တဲ့တရား ဒီထက်မြန် တဲ့တရားချည့် ဟောသွားရမယ် . . . (မှန်ပါ့)။

မြန်မြန် အသေလွတ်တရားတွေဟောရမှာကိုးဗျ ရှင်းပလား . . . (ရှင်းပါပြီဘုရား)၊ ဟောတဲ့ပုဂ္ဂိုလ်ကလည်း ဒီလိုချည့်ဟောနေမှာပဲဆိုတော့ သူလည်း သေခါနီးပဲ ပြော. . (မှန်လှပါ)။

သေခါနီး ဟော ဟောနေရတော့ ဒကာ ဒကာမတွေ ဟာ! အသေဆိုးကြီးနဲ့ ဒို့ဆရာနဲ့တော့ အင်မတန် အချိုးကျနေ တယ်လို့ အောက်မေ့မနေနဲ့ အသေချည့် တွေ့နေမှာပဲ . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

## သေမည့်ဘက်ပြေးရင်းပေါ်နေတယ်

ဒီဘုန်းကြီးကလည်း သေမယ့်ဘက် ပြေးရင်း ပေါ်နေတယ်၊ ဒကာ ဒကာမတွေကကော . . . (သေမယ့်ဘက်ပြေးရင်း နာနေပါတယ်ဘုရား)။

ဪ . . . ဒါဖြင့် အသုဘဆီသွားရင်း ခင်ဗျားတို့ သည်ကားလို့ဆိုရင် သုသာန်သွားရင်း တရားနာ တရားဟော နေကြတာ . . (မှန်ပါ့)။

သုသာန်သွားတဲ့အခါ တစ်ယောက်က တရားဟော တစ်ယောက်က နာသွားသလိုပေါ့ဗျာ . . . (မှန်ပါ့)၊ ဒီအတိုင်း ဖြစ်နေတာ . . . (မှန်ပါ့) ရိပ်မိကြပလား . . . (ရိပ်မိပါတယ် ဘုရား)။

## သုသာန်သွားရင်းနာနေတာ

ဘုန်းကြီးကလည်း ဘယ်သွားရင်း ပေါ်နေတုံး . . . (သုသာန်သွားရင်းပေါ်နေပါတယ်ဘုရား) ခင်ဗျားတို့က ဘယ် သွားရင်း နာကြတုံး . . . (သုသာန်သွားရင်းနာပါတယ်ဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အံမာလေး တော်တော် နေရလိမ့်ဦးမယ်လို့ အောက်မေ့မနေကြနဲ့ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘုန်းကြီးက ဘယ်သွားရင်း ဟောပါလိမ့် . . . (သုသာန်သွားရင်းဟောပါတယ်ဘုရား)၊ ခင်ဗျားတို့က . . . (သုသာန်သွားရင်းနာပါတယ်ဘုရား)။

ဩော် ဒါ၊ လမ်းကြုံလို့ တစ်ယောက် တစ်ယောက် ကျေးဇူးရှက်ဆောင်ကြတာပဲတူတယ်၊ လမ်းကတော့ တစ်လမ်း ထဲပါလား . . . (မှန်ပါ့) တစ်ဘူတာပဲဆိုက်မယ် . . . (မှန်ပါ့)။

သုသာန်တစ်ဘူတာထဲပဲ ဆိုက်မယ် . . . (မှန်ပါ့)၊ ဘုန်းကြီးကလည်း ဟောရင်း အဲဒီဆိုက်ရမှာပဲ . . . (မှန်ပါ့) ဒကာ ဒကာမတွေနာရင်း . . . (အဲဒီ ဆိုက်ရမှာပါဘုရား)။

အဲဒီဆိုက်ရမှာပဲဆိုတော့ ခင်ဗျားတို့သည် ဘုန်းကြီးတို့ သည် မလွတ်လပ်သေးတဲ့ပုဂ္ဂိုလ်၊ သေမင်း မတ္တာ လိုက်နေတဲ့ ပုဂ္ဂိုလ်၊ ကံရေခန်းနေတဲ့ပုဂ္ဂိုလ်တွေ။

အင်း သူဟောတာပဲ လိုက်နာမှပဲ ဟောတဲ့ ပုဂ္ဂိုလ် လည်း ဟောရင်း ကျင့်၊ လိုက်နာတဲ့ပုဂ္ဂိုလ်ကလည်း လိုက်နာ ရင်း ကျင့် ဒီလိုယူမှရမယ် . . . (မှန်ပါ့)။

ဟောတဲ့ ပုဂ္ဂိုလ်ကကော . . . (ဟောရင်းကျင့်ပါ ဘုရား)၊ ဟောရင်းကျင့် သဘောကျပလား . . . (ကျပါတယ် ဘုရား)၊ လိုက်နာတဲ့ပုဂ္ဂိုလ်ကကော . . . (လိုက်နာရင်းကျင့်ပါ ဘုရား)။

## တရားနာရုံနဲ့မပြီးဘူး

အဲ တရားနာရုံနဲ့ မပြီးဘူး . . . (မှန်ပါ့) တရားနာ လည်းနာ ကျင့်လည်းကျင့် . . . (မှန်ပါ့)၊ ဟောတဲ့ပုဂ္ဂိုလ် ကလည်း ဟောလည်းဟော ကျင့်လည်းကျင့် . . . (မှန်ပါ့) ဒီလိုမှရမယ် . . . ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒီနည်းကို အသေအချာ မှတ်ထားစမ်းပါ . . . (မှန်ပါ့) ဟောတတ်တဲ့ဆရာ ဘယ်လိုလုပ် ဟောရမယ် . . . (ဟော ရင်း ကျင့်ရမှာပါဘုရား)၊ ဟောရင်းကျင့်ရမယ်။

တရားနာတဲ့ ပုဂ္ဂိုလ်ကကော . . . (တရားနာရင်း ကျင့် ရမှာပါဘုရား)၊ အဲ ဒါ ကိုယ့်ဖို့ သူ့ဖို့ဟာဖြင့် ဒါ ဦးခင်မောင် အသေအချာ မှတ်ဖို့ပဲ . . . (မှန်ပါ့)။

## တရားနာရင်းကျင့်ရမယ်

ဦးဝင်း ကျေနပ်ပလား . . . (ကျေနပ်ပါတယ်ဘုရား) ဟောတဲ့ပုဂ္ဂိုလ်က . . . (ဟောရင်းကျင့်ရမှာပါဘုရား)၊ နာတဲ့ ပုဂ္ဂိုလ်က နာရင်း ကျင့်ရမှာပါဘုရား။

ဟ သူတို့တရားပွဲက ပျာလှချည့်လားလို့ ခင်ဗျားတို့ က ဆိုလိမ့်မယ်၊ သူတို့တရားပွဲက သိပ်ပျာတဲ့တရားပဲလို့ ဆိုလိမ့်မယ် သူမသိလို့ ပြောရှာတာ။

မသိလို့ ပြောတော့ ကျုပ်တို့ ခင်ဗျားတို့ အသေအချာ တရားက အကွက်ကျအောင် နာကြည့်တဲ့အခါကျတော့ မပျာ ရမယ့်လူက တစ်ယောက်မှ မပါဘူး . . . (မှန်လှပါ)။

ဘာပြုလို့တုံး . . . (သေခါနီးလို့ပါဘုရား)၊ အင်း. . . ဆေးချက်လက်လွှတ်ဖို့ကတော့ နီးနီးကျန်တော့တယ် . . . (မှန်ပါ့) ဆေးဆရာဝန် လက်လွှတ်ဖို့ နည်းနည်းကျန်တော့ တယ်။

နာတဲ့ ပုဂ္ဂိုလ်ကလည်း နည်းနည်းကျန်တော့တယ်၊ ဆရာဝန်လက်လွှတ်ဖို့ရာ၊ ဟောတတ်တဲ့ပုဂ္ဂိုလ်ကကော . . . (နည်းနည်းကျန်ပါတော့တယ်ဘုရား)။

## သေခါနီးတရားပွဲ

အဲတော့ နည်းနည်းကျန်တော့ သေခါနီးတရားပွဲဖြစ် နေကြတယ် . . . (မှန်ပါ့)၊ ရိပ်မိပလား . . . (ရိပ်မိပါတယ် ဘုရား)။

ဘာတရားပွဲပါလိမ့် . . . (သေခါနီး တရားပွဲပါဘုရား) ဩော် သေခါနီးတရားပွဲဖြစ်တယ်တဲ့ ဟောတဲ့ပုဂ္ဂိုလ်ကလည်း ခပ်သုတ်သုတ်ကျင့်လည်းကျင့်၊ ဟောလည်းဟော၊ နာတဲ့ ပုဂ္ဂိုလ် ကလည်း ခပ်သုတ်သုတ်နာ၊ ခပ်သုတ်သုတ်ကျင့် ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒီထဲကတောင်မှ တော်တော်ကြာ ဒီနေ့ အားသားပဲ၊ နောက်နေ့ ဘယ်သူမပါဘူးလို့ရှိနေတယ် . . . (မှန်ပါ့) မရှိဘူးလား ကဲ . . . (ရှိပါတယ်ဘုရား)။

ရှိနေတော့ ဘုန်းကြီးမိုးကုတ်မှာတရားဟောတယ်၊ ဒီနေ့ည ခုနှစ်နာရီမှာ ဟောတယ်၊ ရှစ်နာရီမှာ သိမ်းတယ်၊ မနက် လေးနာရီသေတယ်၊ ညတရားနာလာသေးတယ်. . . (မှန်ပါ့) ကားနဲ့ ဘာနဲ့ မနက်လေးနာရီကျတော့ မရှိဘူးတဲ့ ကဲ ဒီလိုဟာတွေကော မဖြစ်နိုင်ဘူးလား . . . (ဖြစ်နိုင်ပါတယ်ဘုရား)။

## လေနာနဲ့သေနိုင်တယ်

ဘာပြုလို့တုံး ဝမ်းထဲမှာ လေမရှိဘူးလား . . . (ရှိပါတယ်ဘုရား) လေရှိ လေနာနဲ့ သေမှာပဲ . . . (မှန်ပါ့)။ မဟုတ်ဘူးလား . . . (ဟုတ်ပါတယ်ဘုရား) လေရှိရင် ဘာတုံး. . . (လေနဲ့သေမှာပါဘုရား)။

နို့ လေမရှိရင်တော့ဖြင့် လေနာမရှိပေဘူးပေါ့ဗျာ. . . (မှန်ပါ့) လေရှိရင်တော့ . . . (လေနာရှိပါတယ်ဘုရား)။

လေနာရှိရမယ်၊ ဆူးရှိနေလို့ရှိရင် . . . (ဆူနဲ့သေမှာပါဘုရား)၊ အင်း ဆူးနာနဲ့သေမှာပဲ၊ အဲဒါထောက်လိုက်ရင် သေမင်းတွေက ရှိနေတာ ပျာပျာသလဲ မလုပ်ရင် ဒီတရား

လည်း မကိုက်ဘူး . . . (မှန်ပါ့)၊ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

## ဝမ်းထဲမှာသေမင်းရှိတယ်

ဝမ်းထဲ ဘာတွေရှိနေတုံး . . . (သေမင်းတွေရှိနေပါတယ်ဘုရား)၊ ဝမ်းထဲမှာ သေမင်းတွေကရှိတယ် . . . ဝမ်းထဲမီးရှိတယ်တဲ့ တေဇောဓါတ် အစာကိုချက်တဲ့မီး . . . (မှန်ပါ့)။

အဲ့ဒိ မီးသေသွားရင်လည်း ဒီနေ့ည သေတာ. . . (မှန်ပါ့)၊ ဒီနေ့ညသေတာ . . . (မှန်ပါ့) အချိန်ရွေးသေးသလား (မရွေးပါဘူးဘုရား)။

မီး ဓါတ်တွေ လောင်လို့ရှိရင်လည်း သူလောင်ချင်တာအကုန် လောင်ပစ်တာပဲ သေပြန်တာပဲ . . . (တင်ပါ့) သဘောကျပလား . . . (မှန်ပါ့)။

အဲဒီမီးကိုဖြင့် နေစမ်းပါလို့ ဘယ်သူတားနိုင်တုံး . . . (မတားနိုင်ပါဘူးဘုရား)။

လူတွေစမ်းကြည့်ပါလား . . . သေတဲ့ပုဂ္ဂိုလ်ကျတော့ မီးသေသွားတော့ အေးသွားတာ . . . မီးတောက်နေတာ. . . (မှန်ပါ့)၊ နောက်ကျတော့ သိပ်ပူလာတဲ့ ပုဂ္ဂိုလ် သေဦးမှာပဲ (မှန်ပါ့)။

အဲ့ဒီမီးက ဝမ်းထဲ ရှိ မရှိ . . . (ရှိပါတယ်ဘုရား)၊ အဲတော့ မီးက လိုက်နေတာကို ဘယ်သူတောင်းပန်နိုင်တုံး. . (မတောင်ပန်းနိုင်ပါဘူးဘုရား)။

## ပျာပျာသလဲအလုပ်လုပ်

အဲ ဒါဖြင့် သေမင်းဝမ်းထဲရှိလို့ ပျာပျာသလဲလုပ် (တင်ပ့ါ) ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)၊ သဘောပါ ပလား . . . (ပါပါပြီဘုရား)။

အံမာလေး ခင်ဗျားတို့ ပျာတဲ့အထဲမှာ သေမင်းပြနေ တာကိုလည်း မပေါ်နိုင်လို့ ရိပ်မိပလား . . . (ရိပ်မိပါတယ် ဘုရား)၊ ခုတော့ဖြင့် သေချာသဘောပါပလား . . . (ပါပါ တယ်ဘုရား)၊ ကဲပျာသင့် မပျာသင့် (ပျာသင့်ပါတယ်ဘုရား) ရှင်းပြီးနော်။

ဩော် . . . ဒီလောက်တောင် အတွင်းကော အပြင် ကော ဟောထားတာ ကံ, ရေက အပြင်ဘက်က ခန်း၊ အတွင်း က လူသတ်ယောက်ျားကရှိတယ်။

## အတိတ်ကံကခန်းသွားပြီ

ကံ၊ ရေကလည်း အတိတ်ကံကလည်း ခန်းသွားပြီ တစ်နေ့တခြား မခန်းဘူးလား . . . (ခန်းပါတယ်ဘုရား)။

ဩော် ကံ၊ ရေခန်းတော့လည်း ဒီကိုယ်တွေ့ပဲ ဒီကံတွေ ကုန်သေမှာပဲ . . . (တင့်ပါ)၊ အင်း ကံကုန်အောင် မစောင့်ဘူး တဲ့ အတွင်းမီးတွေက နေပြီးသကာလ တေဇောဓါတ်သော် လည်းကောင်း၊ ဝါယောဓါတ်သော်လည်းကောင်း ဟုတ်လား ဗျာ . . . (တင်ပါ့)။

သူတို့တလည်း သေမင်းတွေမဟုတ်လား . . . (သေမင်းတွေပါဘုရား)၊ သံယုတ်ပါဠိတော်မှာ ဘုန်းကြီး ခဏ ခဏဟောတယ် သေမင်းတွေလို့ ဒါတွေ မပြောဘူးလား. . . (ပြောပါတယ်ဘုရား)။

အဲတော့ သေမင်းကလည်း အတွင်းကလည်းရှိ၊ အပြင် ဘက်ကကော . . . (ရှိပါတယ်ဘုရား)၊ ဒီထဲကမှ ဓါး ဂုတ်ပေါ် ဝဲပြီးသကာလ နေတဲ့အထဲကမှ ပြုံးနေသေးလို့ရှိရင်တော့ဖြင့် သာမည အရှုံးမဟုတ်ဘူး . . . (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမတုံး . . . (သာမညအရှုံးမဟုတ်ပါ ဘူးဘုရား)။ သာမညအရှုံး မဟုတ်ဘူး. . . ဟုတ်လား. . . (မှန်ပါ) “မီးနဲ့ရွှေစင်၊ မစင်နဲ့ စန္ဒကူးတဲ့ မထူးအောင် ရှုံးတဲ့အရှုံး” လို့ . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

မီးနဲ့ ရွှေလည်း မကွဲဘူးတဲ့ . . . (မှန်ပါ့) မစင်နဲ့ စန္ဒကူး လည်း သူ မထူးဘူးတဲ့ . . . (တင်ပါ့)။

စန္ဒကူးဆိုတာ မွှေးတယ်၊ မစင်ဆိုတာ နံတယ် အဲဒါ တောင် သူမထူးဘူးဆိုတော့ ဒီအရူး အရူးသေးလား၊ အရူးကြီး လား . . . (အရူးကြီးပါဘုရား)။

## အရူးပျောက်အောင်ဆေးကုနေတယ်

ကျုပ်တို့ ဘယ်ထဲရောက်နေတုံး . . (အရူးကြီးထဲ ရောက်နေပါတယ်ဘုရား) ဟာ ဒါဖြင့် မြန်မြန်လုပ်ပါဗျ၊ ခု အရူးပျောက်အောင် ဆေးကုနေတယ် . . . (မှန်ပါ့) ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

ကဲ ဒါဖြင့် ဒကာ ဒကာမတို့ မနေ့ထက် ယနေ့တရားကို တိုတို တုတ်တုတ်ဟောရလိမ့်မယ် . . . (မှန်ပါ့)။

ဒကာ ဒကာမတို့ မနေ့ကထက် ဘာတုံး . . . (တိုတို တုတ်တုတ် ဟောရမှာပါဘုရား)၊ ဘာဖြစ်လို့တုံး ဘုန်းကြီးက လည်း နှုမြောလို့လားလို့ မေးရင်မြန်းရင် . . . (သုသာန်သွား နေလို့ပါဘုရား)။

ဒီကလည်း သုသာန်သွားရင်း ဟောနေတာ . . . (တင်ပါ့) ခင်ဗျားတို့ကကော . . . (သုသာန်သွားရင်း နာနေ တာပါဘုရား)။

ဒါဖြင့် သေခါနီး ဆရာဟောတာကို သေခါနီး ဒကာ ဒကာမတွေ မြန်မြန်လုပ်မှပဲ . . . (မှန်ပါ့) ရှင်းပလား . . .

(ရှင်းပါပြီဘုရား)။

ဒါက ဉာဏ်ပေါက်မှ ဒီအသံထွက်နိုင်တယ် . . . (မှန်ပါ့)၊ ဉာဏ်မပေါက်ရင် ခင်ဗျားတို့ပဲ မြို့သုံးသုံးနေရင်တော့ မပေါက်ပါဘူး . . . (မှန်ပါ့)။

မြို့သုံး သုံးလို့ရှိရင် အံ့မယ် နာလိုက်တာ အတော်နေရဦးမှာ ကြည့်ရတာဖြင့် မြို့သုံးက မြှောက်ပေးနေတာပဲ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

အံ့မယ် ဝ, လိုက်တာ အသားအရေတွေ မနှစ်က အရွယ်တုန်းကထက် ခုကြည့်ကောင်းနေ ရှုပ်ကုန်ပြီ တစ်ခါတည်း တစ်ခါတည်း မြို့သုံးတွေက အတော်မရှုပ်ဘူးလား . . . (ရှုပ် ပါတယ်ဘုရား)။

အဲတော့ ဘာတုံးလို့ မေးတဲ့အခါကျလို့ရှိရင် ဒကာ ဒကာမတို့ကို နဂိုက ကိုယ်က မိုက်ရတဲ့အထဲ ပိုပြီးမြှောက်တယ်။

နဂိုက ရူးချင်ရတဲ့အထဲ ပိုပြီး မြှောက်တော့ တစ်ခါတည်း က, တော့တာပဲ ဒီလိုကျမနေဘူးလား . . . (ကျနေပါတယ်ဘုရား)။

ကဲ ခုတော့ဖြင့် ဒီလို က,စရာလားတဲ့၊ ကြောက်စရာလားတဲ့. . . (ကြောက်စရာပါဘုရား)။

ဘာကြောင့်တုံးဆိုလို့ရှိရင် ကိုယ့်မှာ အသေလွတ် ကလေးကလည်း မရဘူး၊ အသေကလည်းနီး (မှန်လှပါ)၊ ဒီလို ဖြစ်မနေဘူးလား . . . (ဖြစ်နေပါတယ်ဘုရား)။

## နိဗ္ဗာန်ကိုကိုယ်တိုင်မမြင်ရသေး

အသေလွတ်ကလည်း ကိုယ်တိုင်က နိဗ္ဗာန်က မမြင်ရ သေး . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အင်း အသေလွတ်တဲ့ တရားအလုပ်ကလည်း မရသေး တော့ နိဗ္ဗာန် မမြင်ရသေး၊ သေမှာကလည်း ကံရေတွေကခန်း (တင်ပါ့) အတွင်းက လူသတ်ယေကျ်ားကလည်းရှိ . . . (တင်ပါ့)။

ခက်ပြီ ခက်ပြီ မြန်မြန်ရှာမှဆိုတဲ့ဥစ္စာ ဒါမှအခက်ဆုံး မှတ် . . . (မှန်လှပါ)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)၊ ရှာချင်တဲ့စိတ်ကော များလာပလား. . . (များလာပါပြီဘုရား)။

ဒါ ဒီနေ့ သံဝေဂမှာ သဘောအပါဆုံးပြောတာပဲ . . . (မှန်ပါ့) ဘုရားဟောတော်မူတာ။

ရေခန်းနေတဲ့ ကန်ကလေးတွေပဲကွ နေ့တွေ ညတွေ နုတ်သွားလိုက်တာ တစ်ခါတည်း အကောင်းတွေ ကုန်ပါပေါ့ တဲ့ (တင်ပါ့)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ကဲ ဒါဖြင့် ဒကာ ဒကာမတို့ တရား သုတ်သုတ်ဟောရ မှာပဲလား၊ ဖြေးဖြေးပဲလား . . . (သုတ်သုတ်ဟောရမှာပါ ဘုရား)၊ ခင်ဗျားတို့ကကော . . . (သုတ်သုတ်နာရမှာပါ ဘုရား)။

## တရားကိုသုတ်သုတ်ကျင့်

နို့ နာရုံတင် မပြီးသေးဘူးလေ သုတ်သုတ်နာ၊ သုတ်သုတ်ကျင့်. . . (မှန်ပါ့) ဟုတ်ဘူးလား . . . ဒီကလည်း သုတ်သုတ်ဟော သုတ်သုတ်ကျင့်ပဲ . . . (တင်ပါ့)။

ဒကာ ဒကာမတို့ ဘယ်သူ့ ဘယ်သူ တားနိုင်တုံး. . . (မတားနိုင်ပါဘူးဘုရား) အဲ့တော့ကိုး ဒိပြင်တရားပွဲနဲ့ ခင်ဗျားတို့ သွားစာမနေနဲ့ . . . (တင်ပါ့) ခု ကိုယ်တိုင်သိကြပြီ . . . (မှန်ပါ့)။

ဒိပြင်တရားပွဲတော့ဟော့ ငါဘယ်တော့ တရား နာလာ လိမ့်ဦးမယ်၊ မင်းတို့ လာခဲ့ကြဦးဆိုတော့ ရက်ကအတော် ဝေးသွားတယ် . . . (မှန်ပါ့) ဟုတ်လား ဒီပရိသတ်က လာနိုင် မလာနိုင် သေချာရဲ့လား . . . (မသေချာပါဘူးဘုရား)။

အင်း ငါဘယ်နေ့ကျတော့ မင်းတို့ကျေးဇူးလာဆပ်ဦး မယ်လို့ ဆရာဘုန်းကြီးကလည်း ပြောပြန်တယ် မယုံနဲ့ ဒါ အရှုး ပြောပြောတာ . . . (တင်ပါ့) ဟုတ်ဖူးလား . . . (တင်ပါ့)။

မှန်ရဲ့လား ဒီစကား . . . (မမှန်ပါဘူးဘုရား) မမှန်ဘူးတဲ့ ဒီတရားနာပြီး ခင်ဗျားတို့လည်း နောက်ကျေးဇူးများအောင် ကျေးဇူးရှိအောင် တပည့်တော်တို့လည်း ကြိုးစားပြီး ကျင့်တယ် နားဦးမယ် ဘုရား အဲ အရှုးပြော ပြောပြန်ပြီ. . . (မှန်ပါ့)။

## အတွင်းသေမင်းမမြင်နိုင်

ဟုတ်ဖူးလား . . . (မှန်ပါ့) အတွင်းသေမင်းကို မြင်သေးရဲ့လား . . . (မမြင်ပါဘူးဘုရား)၊ အေး ဒါတွေ လျှော့လိုက်ပါတော့ကွ ဒါ လူမိုက်စကားချည့်မှတ်ပေတော့ . . . (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘုန်းကြီးက ပြောလည်း လူမိုက်စကား . . . (မှန်ပါ့) ဒကာ ဒကာမတွေက မျှော်လင့်ချက်နဲ့ပြောရင်းကော . . . (လူမိုက်စကားပါဘုရား)။

ဘာကြောင့်တုံးဆိုတော့ သုသာန်သွားရင်းကိုက ဘာစိတ်ချလက်ချ ပြောနေတာတုံး . . . သွားတာက ဘယ်သွားနေတာတုံး (သုသာန်သွားနေတာပါဘုရား)၊ ပြောတဲ့အသံက (စိတ်ချလက်ချ) စိတ်ချလက်ချ။

သွားနေတာက . . . (သုသာန်ပါဘုရား) ပြောတဲ့အသံက (စိတ်ချလက်ချပါဘုရား) ဟာ ဒါဟုတ်မှ မဟုတ်တဲ့ ဥစ္စာကြီးပဲ ဦးဘတင် ချင့်နားထောင်မှပေါ့ . . . (မှန်လှပါ)။

ကဲ ကိုမြရွှေ (ချင့်နားထောင်ရမှာပါဘုရား)၊ ချင့်နားထောင်ရမယ်ဆိုတော့ ဩော် မင်းတို့နဲ့ကွာ ဘာဖြစ်ဖြစ် ရေစက်မကုန်သေးပါဘူး၊ တွေ့ကြဦးမှာပါပဲဆိုရင် ဩော်-ဒါချင့်ဟောတာချည့် ပြောနေတာ . . . (မှန်လှပါ) ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

ကဲ ခုတော့ဖြင့် သေချာကြပလား . . . (သေချာပါပြီဘုရား)၊ ကိုယ်ကလည်း သုသာန်သွားရင်း ရပ်ပြီးနာရတာလား၊ သွားရင်းနာရတာလား . . . (သွားရင်းနာရတာပါဘုရား)။

ဩော်. . . ဒါဖြင့် မရောက်ခင်ပဲ နာနိုင်တယ်. . . (တင်ပ့ါ)၊ ဟောတဲ့ဘုန်းကြီးကလည်း ရပ်ပြီးဟောနေတာလား၊ သွားရင်းဟောနေတာလား . . . (သွားရင်းဟောနေတာပါဘုရား)။

အင်း ဒါဖြင့် မရောက်ခင်ပဲ ဟောနိုင်တာပဲ. . . (တင်ပ့ါ)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ဒီမှုကို မဖျောက်နဲ့

အဲတော့ ဒီ ဒကာ ဒကာမတွေမှာ ဒီဆရာနဲ့ ဒီဒကာဒကာမတွေဟာ ဒီမှုကို မဖျောက်နဲ့ . . . (မှန်ပ့ါ) ဒီမှုဖျောက်ရင် ဒိဋ္ဌိဝင်မယ်. . . (မှန်ပ့ါ) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒီမူဖျောက်ရင် . . . (ဒိဋ္ဌိဝင်မှာပါဘုရား) ခိုင်တယ် မြဲတယ်ဆိုတဲ့ သဿတဒိဋ္ဌိဝင်လာမယ် . . . (မှန်လှပါ) မဝင်ပေဘူးလား. . . (ဝင်ပါတယ်ဘုရား)။

ဒါ သာမည သဘောလို့ ကိုမြရွှေတို့ ကိုသစ်တို့ မမှတ်နဲ့နော် . . . (မှန်ပါ့) အင်မတန်အရေးကြီးလို့ (မှန်လှပါ) သဿတဒိဋ္ဌိ ဝင်ပြောနေတာ . . . (တင်ပါ့)။

ဒါကြောင့် ဘယ်လောက်နေရပါလိမ့်ဦးမယ်၊ ဘယ်တော့ ဘာပါဆိုတာ လွဲပါလိမ့်ဦးမယ်ဆိုတာ မလုပ်နဲ့တားတာ. . . (တင်ပါ့) . . . မတားဘူးလား . . . (တားပါတယ်ဘုရား)။

အဲတော့ ဒါ ဘယ်ဒိဋ္ဌိ ဝင်လာတုံး . . (သဿတဒိဋ္ဌိဝင်လာပါတယ်ဘုရား) ဩော် သဿတဒိဋ္ဌိကို ဖယ်ရှားနေတာ (မှန်ပါ့)။ ခုဟောတဲ့တရား ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

## သဿတဒိဋ္ဌိဖယ်ရှားနေတာ

ဘာ ဖယ်ရှားနေတာတုံး . . . (သဿတဒိဋ္ဌိဖယ်ရှားနေတာပါဘုရား)၊ အဲ သဿတဒိဋ္ဌိရှိနေတဲ့ ပုဂ္ဂိုလ်ဟာတဲ့ ဘယ်နည်းနဲ့မှ သူသည် မဂ်ဖိုလ်မဆိုက်ဘူး . . . (မှန်လှပါ) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒီဋ္ဌိက မဂ်ကန့်ကွက်တာကိုး . . . (မှန်လှပါ) ကိုင်း ဒါဖြင့် ဒကာ ဒကာမတို့ သုတ်သုတ်ပဲပြောကြပါစို့ဆိုတော့ ဘုရားက **ဇာနတောဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိ။**

ဘိက္ခဝေ = ငါ၏ချစ်သား တပည့်များတို့၊ ဇာနတော = သိသော၊ ပဿတော = ရှုသောပုဂ္ဂိုလ်ဟာ၊ အာသဝါနံ = အာသဝေါတရားတို့၊ ခယံ = ကုန်၏ဟူ၍ (ဝါ) နိဗ္ဗာန်ရောက်၏ ဟူ၍၊ အဟံ = ငါဘုရားသည်၊ ဝဒါမိ = ဟော၏။

## သိတဲ့ပုဂ္ဂိုလ်၊ ရှုတဲ့ပုဂ္ဂိုလ်မှ နိဗ္ဗာန်ရတယ်

သိတဲ့ပုဂ္ဂိုလ် ရှုတဲ့ပုဂ္ဂိုလ်ဟာ အာသဝေါကုန်တယ်လို့ ငါဟောတယ်ကွ . . . (တင်ပါ့) ဘယ်လိုတဲ့ ဒကာ ဒကာမတို့ (သိတဲ့ပုဂ္ဂိုလ် ရှုတဲ့ပုဂ္ဂိုလ် အာသဝေါ ကုန်ပါတယ်ဘုရား)။

ဩော် - သိတဲ့ပုဂ္ဂိုလ် ရှုတဲ့ပုဂ္ဂိုလ် အာသဝေါကုန်တယ်တဲ့ ဒကာ ဒကာမတို့ နောအဲပဿတော၊ နောအဇာနတောတဲ့. . . ။

အင်း မသိတဲ့ပုဂ္ဂိုလ် မရှုတဲ့ပုဂ္ဂိုလ်ဖြင့် အာသဝေါတရား မကုန်ဘူးပေါ့၊ သိတဲ့ပုဂ္ဂိုလ် ရှုတဲ့ပုဂ္ဂိုလ်ဖြင့် ဘာတဲ့ . . . (အာသဝေါကုန်ပါတယ်ဘုရား)။

ဪ. . . ဒါဖြင့် အာသဝေါကုန်ဆိုတာ ခင်ဗျားတို့က ရိုးရိုးလေး မမှတ်လိုက်ပါနဲ့တဲ့ အာသဝေါကုန်တယ်ဆိုတာ နိဗ္ဗာန်ကိုယ်ပိုင်ရတယ်ပြောတာ။

## အာသဝေါကုန်တယ်ဆိုတာဘာပါလိမ့်

အာသဝေါကုန်ဆိုတာ ဘာပါလိမ့် . . . (နိဗ္ဗာန်ကိုယ်ပိုင်ရတာပါဘုရား)၊ အဲ နိဗ္ဗာန်ကိုယ်ပိုင်ရတယ်လို့ ဟောတာပါ . . . ရှင်းကြပလား (ရှင်းပါပြီဘုရား)။

အာသဝေါကုန်ဆိုတာ ဘာတုံး . . . (နိဗ္ဗာန်ကိုယ်ပိုင်ရတာပြောတာပါဘုရား)၊ အဲတော့ ခင်ဗျားတို့က နိဗ္ဗာန်သံမပါလို့ရှိရင်ဖြင့် အာသဝေါတော့ ကုန်တယ်လို့ ထင်ချင် ထင်နေဦးမှာ အာသဝေါကုန်တာဟာ နိဗ္ဗာန်ရတယ်လို့ ပြောတာ . . (မှန်ပါ့) ရိပ်မိကြပလား . . . (ရိပ်မိပါတယ်ဘုရား)။

အာသဝေါကုန်တာ ဘာပါလိမ့်. . . (နိဗ္ဗာန်ရတာပါဘုရား)၊ အဲ နိဗ္ဗာန်ရတဲ့ပုဂ္ဂိုလ်ဆိုတာ မအို မသေ အမြဲနေရတာဖြစ်တာကို ဆိုတာပါ။

မအို မသေ အမြဲနေတဲ့သဘော ရောက်သွားတာဟာ နိဗ္ဗာန်ရတယ်လို့ ဆိုတာပါ၊ ဒါဖြင့် အာသဝေါကုန်တာနဲ့ မအို မသေ အမြဲနေတဲ့ နိဗ္ဗာန်ရတာနဲ့ဟာ တစ်ထပ်တည်းလို့မှတ် . . . (မှန်ပါ့)။

အာသဝေါကုန်ရင် မအို မသေ အမြဲနေတဲ့ နိဗ္ဗာန်ပဲ (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အာသဝေါကုန်ရင် . . . (မအို မသေ အမြဲနေတဲ့ နိဗ္ဗာန်ပါဘုရား)၊ ရှင်းပြီနော် ဒကာ ဒကာမတို့။

## ဆုတောင်းတဲ့ပုဂ္ဂိုလ်မပါဘူး

ဒါဖြင့် သိတဲ့ ပုဂ္ဂိုလ် ရှုတဲ့ပုဂ္ဂိုလ်မှ . . . (တင်ပါ့) ဆုတောင်းတဲ့ ပုဂ္ဂိုလ် မပါဘူး . . . (တင်ပါ့) ပါသေးသလား (မပါပါဘူးဘုရား)။

သိတဲ့ပုဂ္ဂိုလ် ရှုတဲ့ပုဂ္ဂိုလ်မှ ဘာတဲ့ဗျာ . . . (နိဗ္ဗာန်ရောက်ပါတယ်ဘုရား) အဲ အာသဝေါ ကုန်တဲ့ နိဗ္ဗာန်ရတယ်။ ကျေနပ်ကြပလား . . . (ကျေနပ်ပါတယ်ဘုရား)။

နောအဇာနတော၊ နောအပဿတော မသိတဲ့ပုဂ္ဂိုလ် မရှုတဲ့ပုဂ္ဂိုလ်ဟာ အာသဝါနံ ခယံ နဝဒါမိ တဲ့ အာသဝေါ ကုန်တယ်လို့ ငါဘုရား ဘယ်တော့မှ မဟောဖူးဘူးကွတဲ့။

## မရှုတဲ့ပုဂ္ဂိုလ် နိဗ္ဗာန်မရောက်

သိလည်း မသိဘူး၊ ရှုလည်း မရှုတဲ့ ပုဂ္ဂိုလ်ကျလို့ရှိရင် အာသဝေါ ကုန်တယ်လို့ ငါဘယ်တော့မှ မဟောဖူးဘူးတဲ့၊ ငါက မဟောတာ မဟုတ်ဘူးတဲ့ ရှေးဘုရားတွေလည်း မဟောဘူးတဲ့ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

နောက်ပွင့်လတ္တံ့ဘုရားတွေကော . . . (မဟောပါဘူး ဘုရား) မဟောဘူးတဲ့ ဒီဘုရားဆိုတာ တစ်ထပ်ထဲတဲ့၊ ရိပ်မိကြပလား . . . (ရိပ်မိပါတယ်ဘုရား)။

ဒါဖြင့် သိတဲ့ပုဂ္ဂိုလ် ရှုတဲ့ပုဂ္ဂိုလ်မှ ဘာတုံး . . . (အာသဝေါ ကုန်တဲ့နိဗ္ဗာန်ရပါတယ်ဘုရား) အာသဝေါကုန်တဲ့ နိဗ္ဗာန်ရတယ် . . . (မှန်ပါ့)။

မသိတဲ့ပုဂ္ဂိုလ် မရှုတဲ့ပုဂ္ဂိုလ် (အာသဝေါကုန်တဲ့ နိဗ္ဗာန် မရပါဘူးဘုရား)။

## သိအောင်ဟောဖို့က ဆရာဘုန်းကြီးအလုပ်

အဲ ဒါဖြင့် သိအောင်လည်း ဆရာဘုန်းကြီးက ပြောမယ် ရှုဖို့ရာ ခင်ဗျားတို့ အလုပ် . . . (မှန်ပါ့) သိအောင်က (ဆရာ ဘုန်းကြီး အလုပ်ပါဘုရား) ဆရာဘုန်းကြီးတာဝန်၊ ရှုတဲ့ အလုပ်က . . . (တပည့်တော်တို့ တာဝန်ပါဘုရား)။

ဒကာဒကာမတွေ၏ အလုပ်ဆိုတော့ ဘုရားက နဂိုက တည်းက ဟောထားတာဗျ၊ အင်း သိအောင်လုပ်ဖို့ ဆရာ့ ဘာဝန်၊ ရှုဖို့ရာက ဒကာဒကာမတွေ၏ တာဝန်ဆိုတော့ နဂိုကတည်းက ပါတယ်။ မပါဘူးလား . . . (ပါပါတယ် ဘုရား)။

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ါဘုရားသည် ဘုရားဖြစ်လာတာ ဟောဖို့ရာ ငါဘုရား

အလုပ်ကွ၊ ဟောတဲ့အတိုင်း လိုက်နာဖို့ရာက မင်းတို့အလုပ်ကွ မပြောပေဘူးလား . . . (ပြောပါတယ်ဘုရား)။

## လိုက်နာကျင့်ကြံဖို့က ကိုယ့်အလုပ်

ဟောတဲ့အလုပ်က . . . (ဘုရားအလုပ်ပါဘုရား) အဲ ဟောတဲ့အတိုင်း လိုက်နာဖို့ ကျင့်ကြံဖို့အလုပ်က . . . (တပည့်တော်တို့ အလုပ်ပါဘုရား)။

အဲတော့ ကိုယ့်တာဝန် သူ့တာဝန် ဟောထားတာဗျ . . . (တင်ပါ့) အရေးရှိ ဘုရားကယ်တော်မူပါဦး ငါမကယ်နိုင်ဘူးတဲ့ မင်းလုပ်တဲ့ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

## ဘုရားကယ်တော်မူပါ

ခင်ဗျားတို့ အရေးကြုံလာပြီဆိုမှဖြင့် အရင်ဗုံးတွေကျတုန်းကလို အိမ်နားဆူဆူ ဆူဆူဖြစ်လို့ရှိရင် ဘုရားကယ်တော်မူပါ။ အင်း တရားကယ်တော်မူပါ သံဃာကယ်တော်မူပါ ဆိုတော့။

ဟာ! ငါက ပြောဖို့အလုပ်၊ ကျင့်ကြံဖို့အလုပ်က၊ ငါက ပြောတဲ့အလုပ် မင်းတို့ဟာမင်းတို့ ကျင့်ကြံမှ ငါက ကယ်တင်တာတော့ မဟုတ်ဘူးတဲ့ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

ကယ်နိုင်ရဲ့လား . . . (မကယ်နိုင်ပါဘူးဘုရား) ကယ်နိုင်ရင် ရာဟုလာထမ်းပြီး ဘုရားသည်ကားလို့ ဆိုရင် နိဗ္ဗာန်ပို့မှာပေါ့ဗျ ပို့နိုင်ရဲ့လား . . . (မပို့နိုင်ပါဘူးဘုရား)။

ဟာ! ရာဟုလာ ဒီပါဠိကို ရအောင်ကျက်ဦးကွ ဟောဒီ အတိုင်း ခန္ဓာထဲမှာ ရှုဦးကွ၊ အဲ့ဒါနဲ့ လိုက်ခဲ့ပြောတာ . . . (တင်ပါ့)။

ထမ်းခေါ်တာလား . . . (မဟုတ်ပါဘူးဘုရား) ဒါဖြင့် ဒကာ ဒကာမတွေလည်းတဲ့ သိတဲ့ပုဂ္ဂိုလ် ရှုတဲ့ပုဂ္ဂိုလ်မှ အာသဝေါ ကုန်မယ်နော် . . . (မှန်ပါ့)။

ဒါဖြင့် သိအောင် ဆရာ့တာဝန်၊ ရှုတာက . . . (တပည့်တော်တို့ တာဝန်ပါဘုရား)။

## ဟောတဲ့ပုဂ္ဂိုလ်က ခမ္ဘဒါန

အဲ . . . အဲဒီလို ဆိုလို့ရှိရင်ဖြင့် ဆရာသမားလည်း အဖိုးတန်သွားပြီ၊ ခင်ဗျားတို့ကလည်း ကျေးဇူးဆပ်ရာ ရောက်သွားပြီ . . . (မှန်ပါ့)။

ဆရာသမားက သိအောင် ဟောတော့ကိုး သူ့ ခမ္ဘဒါန အဖြစ်နဲ့ (မှန်လှပါ) မြတ်သွားပြီ . . . (မှန်လှပါ)။

ခင်ဗျားတို့က သိအောင်လုပ်တဲ့အတွက် ခင်ဗျားတို့က အာသဝေါ ကုန်တဲ့အတွက် နိဗ္ဗာန်ရောက်ပြီ (မှန်ပါ့)။

ဘုန်းကြီးက ဒါန၊ ခင်ဗျားတို့က နိဗ္ဗာန်ရတယ်ဆိုတော့ ခင်ဗျားတို့ အမြတ်ထွက်ပြီ . . . (မှန်ပါ့) မထွက်ဘူးလား . . . (ထွက်ပါတယ်ဘုရား)။

အဲတော့ ကိုယ့်အမြတ် များများပေးနေတာတောင်မှ အို ဒီဥစ္စာ မလိုချင်ဘူးဆိုရင်တော့ဖြင့် အဲ တော်တော် ရူးသေးတာပဲ . . . (မှန်ပါ့) ဆိုထိုက် မဆိုထိုက် . . . (ဆိုထိုက် ပါတယ်ဘုရား)။

## ကျင့်ကြံတဲ့ပုဂ္ဂိုလ်က နိဗ္ဗာန်

ဒါကြောင့် ဟောတဲ့ပုဂ္ဂိုလ်က ဓမ္မဒါန သိတဲ့ပုဂ္ဂိုလ်က နိဗ္ဗာန်ရ . . . (တင်ပါ့) ကျင့်ကြံတဲ့ပုဂ္ဂိုလ်က ဘာတဲ့ . . . (နိဗ္ဗာန်ရပါဘုရား)။

ဟောတဲ့ပုဂ္ဂိုလ်ကလည်း ဟောကျင့် ကျင့်မှ ဆိုတော့ မပေါ်သေးဘူးလား . . . (ပေါ်ပါတယ်ဘုရား) အဲ အခု ကိုယ်တိုင် ဒါ အကျင့်ကျင့်မှ ဆိုတာကော . . . (ပေါ်ပါတယ် ဘုရား) မပေါ်သေးဘူးလား . . . (ပေါ်ပါတယ်ဘုရား) ကဲ ဒါဖြင့် ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ကျင့်တဲ့ပုဂ္ဂိုလ်မှ နိဗ္ဗာန်ရောက်တယ်

ဒါဖြင့် သိသော ပုဂ္ဂိုလ် ကျင့်သောပုဂ္ဂိုလ်မှ အာသဝေါ ကုန်တဲ့ နိဗ္ဗာန်ရောက်သည်၊ သိသော ပုဂ္ဂိုလ် ကျင့်သော ပုဂ္ဂိုလ်

မဟုတ်တဲ့ ပုဂ္ဂိုလ်က ဘာတဲ့ . . . (နိဗ္ဗာန်မရောက်ပါဘူး ဘုရား)။

အဲ့ ဒါဖြင့် သိအောင်လုပ်မှု တစ်နံပါတ် ဟုတ်လား ကျင့်မှု နှစ်နံပါတ်၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

သိအောင်လုပ်မှု . . . (တစ်နံပါတ်ပါဘုရား) ကျင့်မှုက (နှစ်နံပါတ်ပါဘုရား)။

အဲ တစ်နဲ့ နှစ်နဲ့ မပါရင် ရကိုးမရဘူး . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား) တစ်နဲ့နှစ်မပါရင် . . . (မရ ပါဘူးဘုရား)။

တစ်က ဘာပါလိမ့် . . . သိအောင်လုပ်မှု (သိအောင် လုပ်မှုပါဘုရား) နှစ်က . . . (ကျင့်မှုပါဘုရား) ကျင့်ဖို့ . . . ။

တစ်က . . . (သိအောင်လုပ်မှုပါဘုရား) သိဖို့ နှစ်က . . . (ကျင့်ဖို့ပါဘုရား) တစ်က (သိဖို့) နှစ်က . . . (ကျင့်ဖို့ ပါဘုရား)။

## တစ်မဟုတ် နှစ်မဟုတ်ရင် သုည

အဲ ခင်ဗျားတို့လည်း တစ်နဲ့နှစ် မသိရင်တော့ဖြင့် သွားပြီ၊ ခုတော့ ဒကာဒကာမတွေ ကြည့်ရတာ တစ်လည်း မဟုတ် နှစ်လည်းမဟုတ် သုညချည့်ဖြစ်နေတော့ အတော် ခက်နေကာဗျ ဟောရတာ။

ကိုမြရွှေ ဘယ့်နှယ်တုံး . . . (အတော်ခက်ပါတယ် ဘုရား) ဘာဖြစ်နေတုံး . . . (တစ်လည်းမဟုတ်၊ နှစ်လည်း မဟုတ်ပါဘုရား) တစ်လည်းမဟုတ် နှစ်လည်းမဟုတ်ဘူး ဆိုရင် ဘယ့်နှယ်လုပ် ဖတ်ကြမယ် . . . (သုညပါဘုရား) သုည။

ဪ ခက်ပြီ ဒါဖြင့် သုညဆိုတော့ ဘာမှ အသုံးချလို့ မရဘူး . . . ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဦးဘအုန်းကြီး ဘယ်ထဲကတုံး ခင်ဗျား . . . (သုညထဲ ကပါဘုရား) သုညထဲကပဲ။ ကဲ ဒကာဒကာမတို့ ဒါဖြင့် တစ်နဲ့ နှစ်ကိုဖြင့် လက်စွဲလုပ်ကြပါ . . . (မှန်ပါ့)။

လက်စွဲ စာအုပ်လုပ်ကြပါနော် . . . (မှန်ပါ့) တစ်က သိအောင်လုပ်မယ် နှစ်က ကျင့်မယ် . . . (မှန်ပါ့) သဘောကျ ပလား . . . (မှန်ပါ့)။

တစ်က . . . (သိအောင်လုပ်မှာပါဘုရား) နှစ်က . . . (ကျင့်မှာပါဘုရား) အဲ ပါဠိတော်ထဲ မပါသေးဘူးလား . . . (ပါ ပါတယ်ဘုရား)။

ဇာနတော ပဿတော၊ ဇာနတောက = သိတယ်၊ ပဿတောက= ကျင့်ရမယ် ဟုတ်လား၊ အဲတော့ ဘုန်းကြီး ခဏခဏ ဟောနေတော့ ဒကာဒကာမတွေ သန္တာန်မှာ တစ်ကို နှစ်က ရှုဆိုတော့ တစ်ကိုသိမှ နှစ်က ရှုလို့ဖြစ်တယ် . . . (တင်ပ့ါ) သဘောကျပလား . . . (မှန်ပါ့)။

တစ်ဖြစ်တာသိမှ နှစ်က (ရှုလို့ရပါတယ်ဘုရား) နှစ်က ရှုနိုင်တယ်ဆိုတော့ ဒကာဒကာမတို့ တစ်ဖြစ်တာသိမှ နှစ်က ရှုနိုင်တယ်။

တစ်ဖြစ်တာ မသိရင် . . . (နှစ်က မရှုနိုင်ပါဘူးဘုရား) ဒါ သဘောပါကြပလား . . . (ပါ ပါတယ်ဘုရား)။

## သိမှ ကျင့်မှ နိဗ္ဗာန်ရတယ်

ဘုရားကကော ဘယ်နှစ်ချက်ဟောတုံး . . . (နှစ်ချက် ဟောပါတယ်ဘုရား) သိမှ ကျင့်မှ ဘာတဲ့ . . . (အာသဝေါ ကုန်တဲ့ နိဗ္ဗာန်ရပါတယ်ဘုရား) နိဗ္ဗာန်ရမယ် အာသဝေါ ကုန်မယ် . . . (မှန်ပါ့)။

ခင်ဗျားတို့ကလည်း ပထမ ဖြစ်တာလည်း သိမှ . . . (တင်ပါ့) နောက်ကလည်း ဒီအတိုင်း အင်း သူ့ကို ဖြစ်ပျက်ရှုတဲ့ အလုပ်ကျင့်မှ မကျင့်ရင် . . . (မရပါဘူးဘုရား) မရဘူး ဆိုတာ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘုရားဟောနဲ့ ခင်ဗျားတို့ကို ပေးထားတဲ့ အလုပ်နဲ့ တစ်ထပ်ထဲ သွားပြီ . . . (မှန်ပါ့) မသွားသေးဘူးလား (သွားပါ တယ်ဘုရား) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဘုရား ဟောနဲ့ ခင်ဗျားတို့ ပေးထားတဲ့ အလုပ်နဲ့ . . . (တစ်ထပ်တည်းပါဘုရား) တစ်ထပ်တည်းသွားတယ် ဘုရား

ကလည်း သိတဲ့ပုဂ္ဂိုလ် ကျင့်တဲ့ပုဂ္ဂိုလ်မှ အာသဝေါ ကုန်တဲ့ နိဗ္ဗာန်ရတယ် (မှန်ပါ့)။

ခင်ဗျားတို့ ဘုန်းကြီးက အလုပ်ပေးထားတာက တစ်နံပါတ်ကို သိ၊ နှစ်နံပါတ်နဲ့ရှုဆိုတော့ တစ်နံပါတ် ဖြစ်တာမှ မသိတဲ့ ပုဂ္ဂိုလ်ဟာ နှစ်နံပါတ်ကို ဘယ့်နှယ်လုပ် ရှုမတုံး (မရှုနိုင်ပါဘူးဘုရား)။

ဒါဖြင့် နှစ်နံပါတ်နဲ့ ရှုလိုက်တော့ တစ်နံပါတ် ရှိသေးရဲ့လား . . . (မရှိတော့ပါဘူးဘုရား)။

ဩော် . . မရှိတာသည်ကား နဂိုက ရှိတယ်လို့ သူ သိထားလို့ မရှိဘူးပြောတာ . . . (မှန်ပါ့) နို့မဟုတ်ရင် ပြောပါ့မလား . . . (မပြောပါဘူးဘုရား)။

အတော်မိပါလား ဆိုတာ ပေါ်လာတယ် . . . (ပေါ်ပါ တယ်ဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

သာမညမိတဲ့ စကားလား၊ အလွန့်အလွန် ကျေးဇူးများတဲ့ စကားလား . . . (အလွန့်အလွန် ကျေးဇူးများတဲ့ စကားပါဘုရား) ပါဠိတော်နဲ့ကော . . . (ကိုက်ပါတယ်ဘုရား)။

## ပဉ္စမ - ဘုရားအဆူဆူဟောတဲ့တရား

အဲ ဇာနတောဟံ ဘိက္ခဝေ၊ ပဿတော အာသဝါနံ ခယံ အဟံဝဒါမိ။

ဇာနတော = သိသောပုဂ္ဂိုလ်၊ ပဿတော = သိတာကို ရှုသောပုဂ္ဂိုလ်ဟာ၊ အာသဝါနံ = အာသဝေါတရားတို့၊ ခယံ = ကုန်၏ ဟူ၍ (ဝါ) အသေလွတ်၏ဟူ၍၊ အဟံ = ငါဘုရားသည် ဝဒါမိ = ဟော၏ ဆိုတော့ ဘုရားအဆူဆူ ဟောတဲ့တရား . . . (တင်ပ့ါ)။

ဦးဝင်း ပေါ်ပလားဗျ . . . (ပေါ်ပါပြီဘုရား) ဒါဖြင့် တစ်ဖြစ်တာကို သိ . . . (မှန်ပ့ါ) နှစ်နဲ့ ပြန်ပြီး ရှိ မရှိကြည့် (မှန်ပ့ါ)။

တစ်ဖြစ်တာကိုသိ . . . (နှစ်နဲ့ ပြန်ကြည့်) အဲ အဲဒီတစ်ကို နှစ်ကနေရှိမရှိ . . . (ကြည့်ရမှာပါဘုရား) ကြည့်ရမယ်။

ဒါဖြင့် တစ်ဖြစ်တာကို သိ ဟုတ်လား . . . (မှန်ပ့ါ) နှစ်ဖြစ်တာကို ရှိမရှိ ကြည့်။ ကြည့်လိုက်တဲ့အခါကျတော့မှ ဘယ့်နှယ်ဖြစ်နေတုံး . . . (မရှိပါဘူးဘုရား) မရှိဘူး။

မရှိတာသည် ရှိတာသိမှ မရှိတာလည်း သိတယ် . . . (မှန်ပ့ါ)။

ဒါကြောင့် တစ်ကို အသိဘက်မှထား . . . (မှန်ပ့ါ) သဘောကျပလား . . . (မှန်ပ့ါ) နှစ်ကိုတော့ (အရှုဘက်ကပါ ဘုရား) အရှုဘက်ကထား . . . သဘောကျပလား . . . (မှန်ပ့ါ)။

တစ်ကို . . . (အသိဘက်ကထားပါဘုရား) နှစ်ကို . . . (အရှုဘက်က ထားရမှာပါဘုရား) အဲ သူက= ဇာနတော သူက=ပဿတော ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

သူက ဘာတုံး . . . (ဇာနတောပါဘုရား) သူက . . . (ပဿတောပါဘုရား)။

အဲ ဒီပဿဖြစ်လို့ရှိရင် ဒီက အာသဝ လာသေးရဲ့လား . . . (မလာတော့ပါဘူးဘုရား) မလာတော့ဘူး ဆိုတော့ ခင်ဗျားတို့ ဩော် . . . ဒို့ဘုန်းကြီးနဲ့ ဒို့ဆရာတော့ ကိုက်ပြီ။

## တိုလိုက်တဲ့တရား

တိုလိုက်တဲ့တရား ဟုတ်လား . . . (မှန်ပါ့) သေခါနီးကို ဟောနေရလို့ . . . (မှန်ပါ) ရိပ်မိပလား . . . (ရိပ်မိပါတယ် ဘုရား)။

ဘယ့်နှယ်ကြောင့် တိုသွားပါလိမ့် . . . (သေခါနီးကို ဟောနေလို့ပါဘုရား) အဲ ဟောတဲ့ဘုန်းကြီးကလဲ တိုတိုလွန်း တယ်လို့ ဆိုဦးမလား . . . (မဆိုပါဘူးဘုရား)။

မဆိုနဲ့ သေခါနီး ဟောနေလို့ သိပ်ပြီး လောကွတ် မချော်ကြနဲ့ မရဘူး . . . (တင်ပါ့ဘုရား) ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

ခင်ဗျားတို့ကလည်း ဘယ်လို နာနေတာတုံး (သေခါနီး နာနေတာပါဘုရား) အဲ ဘုရား အဆူဆူ ဟောလို့ မရဘူး . . . (မှန်ပါ့)။ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)

ဒါဖြင့် သိတာကို ရှု . . . (မှန်ပါ့) ခု ပထမ ဖြစ်တာကို အသိ သိရမယ် . . . (မှန်ပါ့) သိတဲ့တရားကို . . . (ရှုရမှာပါ ဘုရား)။

## မရှိတာအနိစ္စ၊ သိတာမဂ္ဂ

ရှုတဲ့အခါကျတော့ သိတဲ့တရား ရှိသေးရဲ့လား . . . (မရှိပါဘူးဘုရား) ကဲ မရှိတာ အနိစ္စ သိတာမဂ္ဂပဲ . . . (မှန်ပါ့) ကုန်တာအာသဝ . . . (တင်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ ဘုရား)။

**မရှိတာက . . . (အနိစ္စပါဘုရား) သိတာက . . . (မဂ္ဂ ပါဘုရား) ကုန်တာက . . . (အာသဝပါဘုရား) သဘောကျ ပလား . . (ကျပါတယ်ဘုရား)။**

ကဲ ဒါက မရှိတာက ဘယ့်နှယ် . . . (အနိစ္စပါဘုရား)။ သိတာက . . . (မဂ္ဂပါဘုရား) ကုန်တာက . . . (အာသဝပါ ဘုရား) သဘောကျပလား . . . (မှန်ပါ့)။

အာသဝဆိုတော့ ပဋိစ္စသမုပ္ပါဒ်မှာ အဝိဇ္ဇာအာသဝ

မဖြစ်ဘူးလား . . . (ဖြစ်ပါတယ်ဘုရား) ပဋိစ္စသမုပ္ပါဒ် အစက စပြတ်တယ် . . . (တင်ပ့ါ)။

## ခန္ဓာမလာရင် နိဗ္ဗာန်

ဘယ်ကစပြတ်တုံး. . . (အစက စပြတ်ပါတယ်ဘုရား) ဩော် . . . ဒါဖြင့် ဒီဘက်လာမယ့် ခန္ဓာတွေ လာနိုင်သေးရဲ့လား . . . (မလာနိုင်ပါဘူးဘုရား)။

အဲဒါ ခန္ဓာမလာလို့ရှိရင် ခန္ဓာ နိရောဓော နိဗ္ဗာန် (တင်ပ့ါ) အာသဝ နိရောဓောကော . . . (နိဗ္ဗာန်ပါဘုရား) နိဗ္ဗာန်။

## ဒီတရားဟာ အကိုက်ဆုံးပဲ

တဏှာနိရောဓောကော . . . (နိဗ္ဗာန်ပါဘုရား) ဩော် ဒါဖြင့် ဒို့ ဆရာဘုန်းကြီးကလည်း တိုတိုဟောတယ်၊ ဒို့ကလည်း တိုတို ကျင့်ပြီးသကာလ အချိန်စောလို့ မရတဲ့ လူချင်းတော့ ဒီတရားဟာ အကိုက်ဆုံးပဲသာ မှတ် . . . (မှန်ပ့ါ) ရှင်းပလား . . . (ရှင်းပါပြီ ဘုရား)။

**ကဲ ယနေ့ ဒီတွင် တော်ပါဦး**

**သာဓု . . . သာဓု . . . သာဓု။**